ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**ကောင်းမှုကို ပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)

၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၉ ရက်၊ အင်္ဂါနေ့။ Tuesday, 11 July 2023 ၁၁၁၅၃

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ဒေသတွင်နေထိုင်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးနိုင်မှသာလျှင် ဒေသဖွံ့ဖြိုးတိုးတက်စေနိုင်မည်

## နောင်အနာဂတ်တွင် ဒေသဖွံ့ဖြိုးတိုးတက်စေလိုပါက ပညာရေးကို မြှင့်တင်ဆောင်ရွက်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရသေ့တောင်တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

နေပြည်တော် ဇူလိုင် ၁၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် ခရီးစဉ်တွင်လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ သဘာဝဘေးဒဏ်ခံခဲ့ရသည့် ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ်နှင့် ဘူးသီးတောင်မြို့နယ်တို့မှ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိမြို့ဖများနှင့် တပ်နယ်များရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား သွားရောက်တွေ့ဆုံ အားပေးစကားပြောကြားပြီး တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**အစိုးရ၊ တပ်မတော်နှင့် ပြည်သူတို့ စည်းလုံးညီညွတ်စွာဖြင့် ဆောင်ရွက်ကြမည်ဆိုပါက ဒေသတစ်ခုချင်းမှအစပြု၍ နိုင်ငံတော်ကြီးတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်လာမည်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရသေ့တောင်တပ်နယ်နှင့် ဘူးသီးတောင်တပ်နယ်တို့မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား နယ်မြေခံတပ်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

**ယနေ့ ဖတ်စရာ**

ပညာရည်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲ အခမ်းအနားကျင်းပ
စာမျက်နှာ » ၁၄

ကပ်ဆိုးဘေးဆိုး ကျော်လွှားရေး
ဆောင်းပါး စာမျက်နှာ » ၁၅



ပြင်ဦးလွင် ကော်ဖီဈေးကွက် အခြေအနေ
စာမျက်နှာ » ၁၈

ကြေးမုံ

# အခြေအမြစ်မရှိ စွပ်စွဲချက်များပယ်ချ

၂၀၂၂ ခုနှစ်အတွက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ကလေးသူငယ်များနှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာအစီရင်ခံစာကို ၂၀၂၃ ခုနှစ် ဇွန်လ ၂၇ ရက်နေ့တွင် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။ ယင်းအစီရင်ခံစာနှင့်ပတ်သက်၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီ တံခါးဖွင့်အစည်းအဝေးကို ဇူလိုင်လ ၅ ရက်နေ့တွင် ကျင်းပခဲ့သည်။ အစည်းအဝေးတွင် ကုလသမဂ္ဂအထူးကိုယ်စားလှယ်နှင့် နိုင်ငံအချို့က မြန်မာနိုင်ငံနှင့်ပတ်သက်၍ တာဝန်မဲ့ရည်ညွှန်းပြောကြားခဲ့ကြသည်ကိုတွေ့ရသည်။

အဆိုပါအစီရင်ခံစာတွင် မြန်မာနိုင်ငံနှင့်ပတ်သက်၍ လိုရာဆွဲရေးသားထားသော အထူးပြုထည့်သွင်းဖော်ပြချက်များပါဝင်နေသည်။ တစ်ဖက်သတ်တစ်ဆင့်စကားများနှင့် အခြေအမြစ်၊ အထောက်အထားခိုင်မာမှုမရှိသော စွပ်စွဲချက်များကို အခြေခံ၍ ရေးသားထားသည်။ ကုလသမဂ္ဂကဲ့သို့ အဆင့်မြင့်နိုင်ငံတကာကိုယ်စားပြုအဖွဲ့အစည်းကြီးတစ်ခုအနေဖြင့် နိုင်ငံတကာအရေးကိစ္စများကို ကိုင်တွယ်ရာတွင် ဓမ္မဓိဋ္ဌာန်ကျပြီး တိကျခိုင်မာသောအချက်အလက်များအား အခြေခံပြုလုပ်ခြင်းမရှိဘဲ မရေရာ မသေချာဘဲ လိုရာဆွဲရေးသားထားသည့် အစီရင်ခံစာကို လက်ခံတင်ပြခဲ့သည်မှာ စိတ်ပျက်ဖွယ်ရာသာဖြစ်ပါသည်။

အစီရင်ခံစာရေးသားသူသည် ဖြစ်စဉ်ဖြစ်ရပ်များကို စိစစ်နိုင်မည့် နေ့ရက်၊ အချိန်၊ နေရာ၊ မည်သူမည်ဝါဖြစ်သည်ဆိုသည့် တိကျခိုင်မာသောအချက်အလက်များ မပါဝင်ဘဲ ကျူးလွန်ပါသည်ဟု စွပ်စွဲမှုအရေအတွက်များကိုသာ ထည့်သွင်းဖော်ပြထားပြီး မြန်မာ့တပ်မတော်ကို အစီရင်ခံစာ၏ နောက်ဆက်တွဲတွင် စာရင်းသွင်းဖော်ပြခဲ့ခြင်းမှာ ရည်ရွယ်ချက်ရှိရှိ နိုင်ငံရေးသွတ်သွင်းမှုတစ်ရပ်ဖြစ်သည်ကို ရှင်းရှင်းလင်းလင်း တွေ့မြင်ရမည်ဖြစ်သည်။ နိုင်ငံများကို ကိုယ်စားပြုသည့်အဖွဲ့အစည်းအနေဖြင့် မြန်မာ့နိုင်ငံရေးနှင့်ပတ်သက်၍ အပြုသဘောဆောင်ပြီး တရားမျှတမှုရှိစွာဖြင့် ပါဝင်ဆောင်ရွက်သင့်သည်။

အစီရင်ခံသည့်ကာလအတွင်း မြန်မာနိုင်ငံ၌ ကလေးသူငယ်များသေဆုံးမှုနှင့် ဖမ်းဆီးခံရခြင်းများနှင့်ပတ်သက်၍ အချက်အလက်တောင်းခံမှု ငါးကြိမ်သာရှိခဲ့သည်။ အစီရင်ခံစာတွင် သေဆုံးကြောင်းနှင့် ဖမ်းဆီးခံရကြောင်း စွပ်စွဲချက်အရေအတွက်များကို ကုလသမဂ္ဂဘက်မှ မြန်မာအစိုးရစိစစ်ထားသည့် အရေအတွက်ထက် ၁၂ ဆမှ အဆ ၃၀ အထိ ဖောင်းပွဖော်ပြထားသည်ကို တွေ့ရသည်။ ကုလသမဂ္ဂ၏ လွတ်လပ်သော ကျွမ်းကျင်သူများသည် စွပ်စွဲချက်များနှင့်စပ်လျဉ်း၍ ဖြစ်နိုင်သမျှအတိုင်းအတာအထိ စိစစ်အတည်ပြုရန် လိုအပ်သော်လည်း အစီရင်ခံစာတွင်ပါဝင်သော ကျန်အချက်အလက်များကို သက်ဆိုင်သည့်နိုင်ငံနှင့် စိစစ်ထားခြင်း လုံးဝမရှိပေ။

အစီရင်ခံစာတွင် တစ်ဖက်၌ အကြမ်းဖက်အဖွဲ့များဖြစ်သည့် NUG နှင့် PDF တို့လက်ချက်ကြောင့် ကလေးသူငယ် ၉၇ ဦး သေဆုံးခဲ့ပြီး ၂၇၅ ဦး ပြင်းထန်စွာ ထိခိုက်ဒဏ်ရာရစေခဲ့သည့် ရက်စက်ကြမ်းကြုတ်သောရာဇဝတ်မှုများကို ဖုံးကွယ်ထားရန် ကြိုးစားထားသည်။ ထို့အပြင် အကြမ်းဖက် PDF အဖွဲ့များက ကလေးငယ်များပါဝင်သည့် နိုင်ငံတစ်ဝန်းရှိ ဆေးရုံနှင့်ဆေးခန်း ကိုးခု၊ စာသင်ကျောင်းနှင့် ပညာရေးအဆောက်အအုံ ၁၄၀ အား အကြမ်းဖက်တိုက်ခိုက်ဖျက်ဆီးမှုများကိုလည်း ဖုံးကွယ်ထားသည်။ အစီရင်ခံစာ၌ လူမဆန်သောကျူးလွန်မှုများကို မှေးမှိန်ဖော်ပြခဲ့ပြီး အကြမ်းဖက်အဖွဲ့များ၏ ရက်စက်ယုတ်မာသော ကျူးလွန်မှုများကို “အမည်မဖော်နိုင်သော ကျူးလွန်သူများ”အဖြစ် မရေရာမသေချာသော အသုံးအနှုန်းများဖြင့် ဖုံးကွယ်ရန်ကြိုးစားထားပြီး မြန်မာနိုင်ငံအပေါ် အပြစ်ပုံချထားသည်ကို တွေ့ရသည်။

မြန်မာနိုင်ငံတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် လက်နက်ကိုင်ပဋိပက္ခများအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးကော်မတီကို ဖွဲ့စည်းထားပြီး လက်နက်ကိုင်ပဋိပက္ခများအတွင်း ကလေးသူငယ်များအပေါ် သေကျေထိခိုက်ဒဏ်ရာရရှိစေမှုနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ကျူးလွန်မှုများမှ ကာကွယ်တားဆီးထိန်းသိမ်းရေး ဒုတိယအကြိမ် အမျိုးသားအဆင့်လုပ်ငန်းစီမံချက် ၂၀၂၂-၂၀၂၃ ကို အကောင်အထည်ဖော်လျက်ရှိသည်။ တိုင်ကြားမှုများကို မှတ်တမ်းပြုစုလုပ်ဆောင်နိုင်ရန် အရေးပေါ်ဖုန်းအမှတ်ဖြင့် တိုင်ကြားမှုယန္တရားကို တည်ထောင်ထားသည်။

အရွယ်မရောက်သေးသူများအား စုဆောင်းခြင်းမှ ကာကွယ်တားဆီးရေးနှင့်ပတ်သက်၍ ကာကွယ်ရေးဝန်ကြီးဌာန၏ ဦးစီးဆောင်ရွက်မှုဖြင့် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ တားဆီးကာကွယ်ထိန်းသိမ်းရေးကော်မတီကို ၂၀၁၁ ခုနှစ်မှစတင်၍ ဖွဲ့စည်းခဲ့ပြီး ကုလသမဂ္ဂစောင့်ကြည့်လေ့လာရေး အစီရင်ခံတင်ပြရေးလုပ်ငန်းအဖွဲ့(UNCTFMR)နှင့် စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ သို့သော် CTFMR ၏ အရင်းအမြစ်များ မည်သို့ရရှိကြောင်း ပွင့်လင်းမြင်သာမှုမရှိသည့်အတွက် မြန်မာနိုင်ငံအနေဖြင့် အမှီအခိုကင်းမှုနှင့် ဘက်လိုက်မှုတို့နှင့်ပတ်သက်၍ စိုးရိမ်မှုရှိသည်။

သို့ဖြစ်ရာ အစီရင်ခံစာတွင် ပါဝင်သည့် လိုရာဆွဲဖော်ပြထားသော ကိန်းဂဏန်းအချက်အလက်များနှင့် အခြေအမြစ်မရှိသည့် စွပ်စွဲချက်များကို မြန်မာနိုင်ငံက ကန့်ကွက်ပယ်ချပြီး ကုလသမဂ္ဂအနေဖြင့် အစီရင်ခံစာနှင့်ပတ်သက်၍ ပိုမိုကောင်းမွန်စွာ လေ့လာသုံးသပ်ကာ အပြုသဘောဆောင်သောချဉ်းကပ်မှုဖြင့် လုပ်ဆောင်ရန် လိုအပ်နေပါကြောင်း။ ။


လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

ကမ္ဘာ့လူဦးရေနေ့

“ ကမ္ဘာ့လူဘောင်သာယာဖို့ လူဦးရေနှင့် ဖွံ့ဖြိုးမှု ဟန်ချက်ညီအောင်ကြိုးစားစို့ ”

“ Balancing the population and development, let's strive for better future ”

၂၀၂၃ ခုနှစ်၊ ဇူလိုင်လ (၁၁) ရက်


## တရားမအထူးအယူခံမှု လေးမှု ရုံးထိုင်ကြားနာ

နေပြည်တော် ဇူလိုင် ၁၀

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးအောင်ဇော်သိန်း၊ ဦးမျိုးတင့်၊ ဦးကြည်သိန်း၊ ဒေါ်သင်းသင်းနွဲ့တို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁) ၌ ရုံးထိုင်၍ တရားမအထူးအယူခံမှုအမှတ် ၄၈/၂၀၂၂ (ရန်ကုန်)၊ ၅၂/၂၀၂၂ (ကရင်)၊ ၉/၂၀၂၃ (ရှမ်း) နှင့် ၁၁/၂၀၂၃ (ရှမ်း) စုစုပေါင်း တရားမအထူးအယူခံမှု လေးမှုတို့ကို ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေး ညွှန်ကြားချက်များနှင့်အညီ ရုံးထိုင်ကြားနာခဲ့ကြောင်းသိရသည်။

သတင်းစဉ်

## ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ တပ်ဖွဲ့/ဦးစီးဌာနများ ဓမ္မစကြာနှင့် အနတ္တလက္ခဏသုတ် အလွတ်ရွတ်ဆိုပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

မော်လမြိုင် ဇူလိုင် ၁၀

မွန်ပြည်နယ် ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ တပ်ဖွဲ့/ဦးစီးဌာနများ၏ ဓမ္မစကြာနှင့် အနတ္တလက္ခဏသုတ် အလွတ်ရွတ်ဆိုပြိုင်ပွဲကို ဇူလိုင် ၉ ရက် နံနက်ပိုင်းက မော်လမြိုင်မြို့



ပရိယတ္တိဓမ္မဗိမာန်တော်ကြီး၌ကျင်းပခဲ့သည်။

ညနေပိုင်းတွင် ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးတိုးဝင်းနှင့်ဇနီး၊ ပြည်နယ်ရဲတပ်ဖွဲ့မှူးနှင့်ဇနီး၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးမှူးနှင့်ဇနီး၊ အကျဉ်းဦးစီးဌာနမှူးနှင့်ဇနီး၊ မီးသတ်ဦးစီးဌာနမှူးတို့က အကဲဖြတ် အမှတ်ပေးဒိုင်များအဖြစ် ဆောင်ရွက်ပေးခဲ့ကြသော ဆရာတော်များနှင့် လူပုဂ္ဂိုလ်များအား အမှတ်တရ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်လှူဒါန်းခဲ့သည်။

ဆက်လက်၍ ပထမဆုရ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဒုတိယဆုရ ပြည်နယ်ရဲတပ်ဖွဲ့၊ တတိယဆုရ မီးသတ်ဦးစီးဌာန၊ နှစ်သိမ့်ဆုရ ပြည်နယ် အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာနနှင့် ပြည်နယ်အကျဉ်းဦးစီးဌာနတို့အား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်းသိရသည်။

မြို့နယ် (ပြန်/ဆက်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၀-၇-၂၀၂၃

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၂၀၀ | ၈,၀၀၀ | ၅၉၃ | ၄,၈၅၂,၆၀၀ |
| MTSH | ၂,၈၅၀ | ၂,၈၅၀ | ၆,၈၉၁ | ၁၉,၆၃၉,၃၅၀ |
| MCB | ၇,၁၀၀ | ၇,၁၀၀ | ၉၅ | ၆၇၄,၅၀၀ |
| FPB | ၁,၅၀၀ | ၁,၅၀၀ | ၈,၆၁၂ | ၁၂,၉၁၈,၀၀၀ |
| TMH | ၂,၃၅၀ | ၂,၃၅၀ | ၇၀ | ၁၆၄,၅၀၀ |
| EFR | ၂,၄၅၀ | ၂,၄၅၀ | ၂၁၇ | ၅၃၂,၆၅၀ |
| AMATA | ၅,၀၀၀ | ၅,၀၀၀ | ၂ | ၁၀,၀၀၀ |
| MAEX | ၁,၈၀၀ | ၁,၈၅၀ | ၃၀,၈၀၄ | ၅၆,၀၀၂,၉၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။


ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ

အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်မြသီတာနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com

www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ ရှေ့ဖုံးမှ

ခန်းမများ၌ သီးခြားစီ တွေ့ဆုံအမှာစကားပြောကြားရာတွင် မေ ၁၄ ရက်တွင် ရခိုင်ပြည်နယ်အတွင်းဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်ခဲ့ကြောင်း၊ မေ ၁၅ ရက်တွင် မိမိအနေဖြင့် ရခိုင်ပြည်နယ် စစ်တွေတပ်နယ်သို့ ရောက်ရှိခဲ့ပြီး သဘာဝဘေးဒဏ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့မှုများကိုကြည့်ရှုကာ လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်အတွင်းရှိ အခြားသောတပ်နယ်များသို့လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် အခြားသော တပ်မတော်အဆင့်မြင့်အရာရှိကြီးများကို စေလွှတ်၍ ပျက်စီးဆုံးရှုံးမှုများအား ကြည့်ရှုစစ်ဆေးစေခဲ့ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်နိုင်ရေး လိုအပ်သည်များကို စီမံခန့်ခွဲဆောင်ရွက်စေခဲ့ကြောင်း၊ ရသေ့တောင်တပ်နယ်သည် မုန်တိုင်းဖြတ်သန်းရာလမ်းကြောင်းပေါ်တွင် တည်ရှိနေသည့်အတွက် မုန်တိုင်းဒဏ်ကို များစွာခံခဲ့ရပြီး အပျက်အစီးများစွာရှိခဲ့ကြောင်း၊ ပျက်စီးမှုများအလိုက် ပြန်လည်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရသေ့တောင်မြို့နယ်ရှိ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိမြို့ဖများအား တွေ့ဆုံအားပေးစကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရသေ့တောင်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ ရသေ့တောင်တပ်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများ ပေးအပ်စဉ်။

တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ မိမိတို့မိသားစုအလိုက်လည်း ပြင်ဆင်နိုင်သည်မှန်သမျှကို ပြင်ဆင်ထားရှိရန်လိုကြောင်း၊ မိုးတွင်းကာလဖြစ်သဖြင့် လုံလုံခြုံခြုံဖြင့် နေထိုင်နိုင်ရေး ဦးစွာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဘူးသီးတောင်တပ်နယ်အနေဖြင့် ထိခိုက်မှုအနည်းငယ်သာရှိခဲ့သည်ကို တွေ့ရှိရကြောင်း။

ရခိုင်ပြည်နယ်အတွင်း မိုခါမိုတိုင်းဖြစ်ပေါ်ခဲ့ချိန်တွင် ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် အသေအပျောက်အနည်းဆုံးဖြင့် ကျော်ဖြတ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်ရာတွင် နိုင်ငံအတွက် စိတ်ကောင်းစေတနာကောင်းဖြင့် ဆောင်ရွက်လျက်ရှိပြီး မည်သူတရားပျက်ပျက် ကိုယ်မပျက်သည့်စိတ်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံတော်တာဝန်ကို ထမ်းဆောင်ချိန်ကာလအတွင်း ဘက်ပေါင်းစုံမှ တိုက်ခိုက်မှုများနှင့် ပိတ်ဆို့မှုများရှိကြောင်း၊ ထိုသို့ နိုင်ငံရေးအခက်အခဲများကြုံတွေ့နေရချိန်၌ မိုခါမုန်တိုင်းကျရောက်ခဲ့ခြင်းကြောင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်ချက်များရှိနိုင်ကြောင်း။

**ပြည်တွင်းအားကို အဓိကထား**

မုန်တိုင်းဒဏ်သင့်ဒေသများအတွက် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ရှိသမျှအင်အားဖြင့် အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ခဲ့ကြောင်း၊ မုန်တိုင်းသင့်ဒေသအတွက် စေတနာရှင်ပြည်သူများကလည်း အလှူငွေများကို သဒ္ဓါတရားထက်သန်စွာဖြင့် လှူဒါန်းခဲ့ကြကြောင်း၊ ပြည်ပနိုင်ငံအချို့မှလည်း ကူညီဆောင်ရွက်ပေးမှုများရှိကြောင်း၊ တိုင်းပြည်၏အားသည် ပြည်တွင်း၌သာရှိသည်ဆိုသည့်အတိုင်း ပြည်တွင်းအားကို အဓိကထား၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့ချိန်တွင် ဒေသအလိုက် တပ်များတွင်လည်း ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သဖြင့် ပြန်လည်ပြင်ဆင်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ပြင်ဆင်ဆောင်ရွက်ရာတွင်လည်း ရေရှည်ခိုင်ခံ့မှုရှိစေရေးအတွက် ပြင်ဆင်ဆောင်ရွက်နေခြင်းဖြစ်သဖြင့် အချိန်အတိုင်းအတာတစ်ခုအထိ ကြာမြင့်နိုင်ကြောင်း၊ ထို့ကြောင့် အရာရှိ၊ စစ်သည်၊ မိသားစုများအနေဖြင့် စိတ်ဓာတ်ရေးရာအရ ကြံ့ကြံ့ခံ၍ နေထိုင်ဆောင်ရွက်ကြစေလိုကြောင်း။

**ထိန်းထိန်းသိမ်းသိမ်းနေထိုင်**

တပ်မတော်သားတိုင်းအနေဖြင့် မိမိကိုယ်ကို၊ မိမိဒေသ၊ မိမိတိုင်းပြည်ကို ကာကွယ်နိုင်ရေး စစ်အတတ်ပညာများကို တတ်မြောက်ကျွမ်းကျင်နေရမည်ဖြစ်ကြောင်း၊ ထို့ပြင် လေ့ကျင့်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်အတွက် ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်နေရန်လိုကြောင်း၊ ထို့ကြောင့် ကျန်းမာရေးနှင့်ညီညွတ်သည့် နေထိုင်မှုနှင့် စားသောက်မှုများရှိရမည်ဖြစ်ကြောင်း၊ အရက်သေစာသောက်စားခြင်း၊ ဆေးလိပ်သောက်သုံးခြင်းတို့နှင့်ပတ်သက်၍လည်း တစ်ဦးချင်း ထိန်းသိမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိဘဝ အောင်မြင်တိုးတက်ရေးအတွက် မိမိကိုယ်ကို အလိုမလိုက်ရန်နှင့် ထိန်းထိန်းသိမ်းသိမ်းနေထိုင်ကြရန်လိုကြောင်း။

**ဒေသခံပြည်သူများသည် မိမိတို့၏ တိုင်းရင်းသားများဖြစ်ပြီး တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်၊ တစ်လေတည်းအတူရှူနေကြသူများ ဖြစ်သဖြင့် ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီးဖြင့် သူ့အကျိုးဆောင်၊ ကိုယ့်အကျိုးဆောင်ဖြင့် နေထိုင်သွားမည်ဆိုပါက ဒေသတိုးတက်မှုကို အထောက်အကူပြုနိုင်မည်ဖြစ်**ကြောင်း၊ တပ်တွင်း၊ တပ်ပြင် စည်းလုံးညီညွတ်မှုရှိအောင် ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း၊ ယခု သဘာဝဘေးဒဏ်ကျရောက်ခဲ့ချိန်တွင်လည်း အစိုးရ၊ တပ်မတော်တို့ပူးပေါင်း၍ ဒေသ၏ အကျိုးစီးပွားများကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ အစိုးရ၊ တပ်မတော်နှင့် ပြည်သူတို့စည်းလုံးညီညွတ်စွာဖြင့် ဆောင်ရွက်ကြမည်ဆိုပါက ဒေသတစ်ခုချင်းမှ အစပြု၍ နိုင်ငံတော်ကြီးတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တပ်နယ်အသီးသီးမှ တပ်ရင်းတပ်ဖွဲ့များအတွက် စားသောက်ဖွယ်ရာပစ္စည်းများကို လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီးက တပ်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းများအတွက် ချီးမြှင့်ငွေများကို လည်းကောင်း ထောက်ပံ့ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

တွေ့ဆုံပွဲများအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တွေ့ဆုံပွဲသို့တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး တပ်နယ်များရှိ တပ်ရင်းများအတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ရသေ့တောင်မြို့နှင့် ဘူးသီးတောင်မြို့တို့တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် မြို့မိ မြို့ဖများအား မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးခန်းမများ၌ သီးခြားစီတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာ၌ ရသေ့တောင်မြို့နယ်တွင် အထူးတာဝန်ပေးအပ်ထားသည့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဗိုလ်ချုပ်အောင်မျိုးထွန်းနှင့် ရသေ့တောင်မြို့နယ် မြို့မိ၊ မြို့ဖများက ရသေ့တောင်မြို့နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) စာမျက်နှာ ၄ သို့ ☆

❖ **ဒေသခံပြည်သူများသည် မိမိတို့၏ တိုင်းရင်းသားများဖြစ်ပြီး တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်၊ တစ်လေတည်း အတူရှူနေကြသူများဖြစ်သဖြင့် ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီးဖြင့် သူ့အကျိုးဆောင်၊ ကိုယ့်အကျိုးဆောင်ဖြင့် နေထိုင်သွားမည်ဆိုပါက ဒေသတိုးတက်မှုကို အထောက်အကူပြုနိုင်မည်**

☆ စာမျက်နှာ ၃ မှ

တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့ရမှုများ၊ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရမှုနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် ထောက်ပံ့ရေးပစ္စည်းများ ထောက်ပံ့ပေးလျက်ရှိမှု၊ ရသေ့တောင်မြို့နယ်အတွင်း သဘာဝဘေးဒဏ်ခံ အဆောက်အဦ Shelter များ ဆောက်လုပ်ရန် လျာထားဆောင်ရွက်လျက်ရှိမှုနှင့် ဆန်၊ ဆီနှင့် မိုးကာစများ လိုအပ်ချက်များကို ဆက်လက်ထောက်ပံ့ပေးရန်လိုအပ်မှု၊ သဘာဝဘေးဒဏ်ကြောင့် ပျက်စီးခဲ့ရသည့် ရသေ့တောင်မြို့ ကျက်သရေဆောင်သာသနိက အဆောက်အဦများကို ပြန်လည်ပြင်ဆင်ပေးစေလိုမှုနှင့် ကျန်းမာရေးဝန်ထမ်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးစေလိုမှုတို့ကိုလည်းကောင်း၊ ဘူးသီးတောင်မြို့မှ မြို့မိမြို့ဖများက မောင်တော–ဘူးသီးတောင် ဆက်သွယ်ထားသည့် လမ်းကြောင်းတစ်လျှောက် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ပေးစေလိုမှု၊ ဘူးသီးတောင် မြို့နယ်ဆေးရုံ၌ သားဖွားဆရာဝန်လိုအပ်လျက်ရှိမှု၊ နွေရာသီတွင် သောက်သုံးရေလိုအပ်ချက်ရှိသဖြင့် သောက်သုံးရေ သိုလှောင်ကန်ဆောင်ရွက်ပေးစေလိုမှုတို့ကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘူးသီးတောင်မြို့နယ်ရှိ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိမြို့ဖများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘူးသီးတောင်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများပေးအပ်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘူးသီးတောင်မြို့နယ်ရှိ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိမြို့ဖများအတွက် စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်စဉ်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ဖြစ်ပေါ်ခဲ့သည့် ထိခိုက်ပျက်စီးမှုများအပေါ် လိုအပ်သည်များ ဆောင်ရွက်ပေးနိုင်ရေး ရသေ့တောင်မြို့နယ်နှင့် ဘူးသီးတောင်မြို့နယ်တို့သို့ လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ရသေ့တောင်မြို့နယ်နှင့် ဘူးသီးတောင်မြို့နယ်တို့သည် ယခင်က သွားရေးလာရေးခက်ခဲသည့်ဒေသများဖြစ်သော်လည်း ယခုအခါတွင် လမ်းပန်းဆက်သွယ်ရေး အတိုင်းအတာတစ်ခုအထိ ကောင်းမွန်လာခဲ့ပြီဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်သည် ရှောင်လွှဲ၍ရနိုင်သည်မဟုတ်သော်လည်း ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ခြင်းဖြင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများကို အနည်းဆုံးဖြစ်အောင် ကာကွယ်နိုင်မည်ဖြစ်ကြောင်း။

မြို့နယ်အသီးသီးမှ တင်ပြချက်များအပေါ် ထောက်ပံ့ရေးပစ္စည်းများ လိုအပ်မှုနှင့်ပတ်သက်၍ ဦးစားပေးသတ်မှတ်ချက်များအလိုက် စနစ်တကျတွက်ချက်၍ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မြို့နယ်အလိုက် ကျန်းမာရေးဝန်ထမ်းလိုအပ်ချက်များကိုလည်း အမြန်ဆုံးဖြည့်ဆည်းပေးနိုင်ရေး စီမံပေးသွားမည်ဖြစ်ကြောင်း၊ ရသေ့တောင်မြို့နယ်သည် မုန်တိုင်းဖြတ်ကျော်ရာ လမ်းကြောင်းပေါ်တွင်ရောက်ရှိနေသည့်အတွက် အထိအခိုက်အပျက်အစီးများ များပြားခဲ့ကြောင်း၊ ကြိုတင်ပြင်ဆင်မှုများရှိခဲ့ခြင်းကြောင့် ၃၇ ဦးခန့်သာ သေဆုံးခဲ့ခြင်းဖြစ်ကြောင်း၊ ဘူးသီးတောင်မြို့နယ်သည် မုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုအနည်းငယ်သာရှိခဲ့သည်ကို တွေ့ရှိရကြောင်း၊ မြို့နယ်များအလိုက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ သဘာဝဘေးဒဏ်သည် အချိန်မရွေး ရောက်ရှိလာနိုင်သည်ဖြစ်သည့်အတွက် ရေတိုကောင်းမွန်ရေးအတွက်သာ ဆောင်ရွက်ခြင်းမျိုး မပြုလုပ်ကြစေလိုဘဲ ရေရှည်ခိုင်ခံ့ကောင်းမွန်ရေးကို အဓိကထား ဆောင်ရွက်ကြစေလိုကြောင်း။

**တိုင်းပြည်၏အားသည် ပြည်တွင်း၌သာရှိ**

ရသေ့တောင်မြို့သည် ယခင်ကထက် ဖွံ့ဖြိုးတိုးတက်လာသည်ကို တွေ့ရှိရသော်လည်း စနစ်ကျနသည့် မြို့အကွက်ကျပုံစံရှိရန်နှင့် မြို့နေပြည်သူများအားလုံး စည်းကမ်းစနစ်တကျရှိရန်လိုကြောင်း၊ ယခင်ကထက် ဖွံ့ဖြိုးတိုးတက်လာသည်ဖြစ်သဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ နေထိုင်မှုစည်းကမ်းများသည်လည်း တိုးတက်ကောင်းမွန်လာရန်လိုကြောင်း၊ စီးပွားရေးကောင်းရန်အတွက် ကိုယ့်အားကိုယ်ကိုးရန်လိုကြောင်း၊ တိုင်းပြည်၏ အားသည် ပြည်တွင်း၌သာရှိကြောင်း၊ ပြန်လည်ထူထောင်ရေး ပစ္စည်းနှင့် စားရေးအတွက် လိုအပ်ချက်များကိုလည်း နိုင်ငံတော်မှ ဖြည့်ဆည်းပေးသွားမည်ဖြစ်ပါကြောင်း။

ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံရှိပြီးဖြစ်သည့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဆိုပါက ပိုမိုအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ ဘူးသီးတောင်ဒေသတွင် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်သည့် မြေများ များစွာရှိကြောင်း၊ အဆိုပါမြေများကို အကျိုးရှိထိရောက်စွာဖြင့် အသုံးချနိုင်ရန်လိုကြောင်း၊ မွေးမြူရေးလုပ်ငန်းများကို စနစ်တကျဖြင့်မွေးမြူဆောင်ရွက်မည်ဆိုပါက အသား၊ ငါး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း။

ထိုသို့ဆောင်ရွက်ခြင်းဖြင့် တစ်ဦးချင်းဝင်ငွေများ ရရှိပြီး လူနေမှုအဆင့်အတန်းများ မြင့်တက်လာမည်ဖြစ်ကြောင်း၊ တစ်ဦးချင်းဝင်ငွေရရှိရေး တရားဝင်နည်းလမ်းများဖြင့်သာ ဆောင်ရွက်ကြစေလိုကြောင်း၊ မူးယစ်ဆေးဝါးရောင်းဝယ်မှုများမရှိစေရေး ထိန်းသိမ်းဆောင်ရွက်ရန် လိုကြောင်း၊ မြန်မာနိုင်ငံ၏ အနောက်ဘက်အကျဆုံး နယ်မြေဖြစ်သဖြင့် တိုင်းပြည်ကိုချစ်သည့်စိတ်ဖြင့် ကာကွယ်ရန်လိုကြောင်း၊ မြန်မာနိုင်ငံအတွင်း နေထိုင်သူများဖြစ်သဖြင့် မိမိတို့နေထိုင်သည့်မြေပေါ်တွင် သစ္စာရှိရှိဖြင့် ဆောင်ရွက်ရန်လိုကြောင်း၊ တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်၊ တစ်လေတည်းရှူနေကြသူများဖြစ်သဖြင့် အားလုံးညီညီညွတ်ညွတ်ဖြင့် နေထိုင်ကြရန်လိုကြောင်း၊ မိမိတို့၏ အမျိုးသားရေးရည်မှန်းချက်မှာ တိုင်းပြည်သာယာဝပြောရေးနှင့် တိုင်းပြည်စားရေရိက္ခာပေါများရေးပင်ဖြစ်ကြောင်း။

ဒေသတွင် နေထိုင်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးနိုင်မှသာလျှင် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဖြစ်ပေါ်စေနိုင်မည်ဖြစ်ကြောင်း၊ ဒေသတွင်ပိုင်ဆိုင်ထားသည့် အရင်းအမြစ်များကို အကျိုးရှိရှိအသုံးချနိုင်ရမည်ဖြစ်ကြောင်း၊ ဒေသတွင်း တည်ငြိမ်အေးချမ်းမှသာလျှင် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို လျင်မြန်စွာဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် ဒေသတည်ငြိမ်အေးချမ်းရေးကိုလည်း ဆောင်ရွက်ကြရန်လိုကြောင်း၊ ထို့ပြင် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာ၌ ပညာတတ်လူသားအရင်းအမြစ်များသည်လည်း မဖြစ်မနေလိုအပ်ကြောင်း၊ ထို့ကြောင့် ပညာရေးကို အားပေးဆောင်ရွက်ကြစေလိုကြောင်း၊ လက်ရှိအခြေအနေထက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့၏ မျိုးဆက်သစ်ကလေးငယ်များကို ကောင်းမွန်စွာ မြေတောင်မြှောက်ပေးရန်လိုကြောင်း၊ ၎င်းတို့၏ အနာဂတ်ကို ကောင်းစေလိုပါက ပညာရေးကို အားပေးရမည်ဖြစ်သကဲ့သို့ နောင်အနာဂတ်တွင် ဒေသဖွံ့ဖြိုးတိုးတက်စေလိုပါက ပညာရေးကို မြှင့်တင်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ အတန်းပညာရှိမှသာလျှင် အတတ်ပညာများကို သင်ယူတတ်မြောက်နိုင်မည်ဖြစ်ပြီး ဖွံ့ဖြိုးတိုးတက်သည့်ဒေသနှင့် နိုင်ငံတော်ကို ဖော်ဆောင်နိုင်မည်ဖြစ်သဖြင့် ပညာရေးကို အလေးထားဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲများအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မြို့နယ်အသီးသီးမှ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိ၊ မြို့ဖများအတွက် ထောက်ပံ့ရေးပစ္စည်းများကို ပေးအပ်ရာ တာဝန်ရှိသူများနှင့် မြို့မိ မြို့ဖများက လက်ခံရယူခဲ့ကြကြောင်းနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စစ်တွေကမ်းခြေတွင် ကြည့်ရှုစစ်ဆေးစဉ်။

# ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရာ၌ ဒေသ၏ ရေရှည်အကျိုးကိုကြည့်၍ စနစ်တကျတွက်ချက်ဆောင်ရွက် အစိုးရ၏ ကူညီမှုများသာမက ဒေသတွင်နေထိုင်သူများကိုယ်တိုင် ပါဝင်ဆောင်ရွက်မည်ဆိုပါက လုပ်ငန်းများ ပိုမိုတိုးတက်ကောင်းမွန်လာမည်

နေပြည်တော် ဇူလိုင် ၁၀

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဒေါက်တာအောင်ကျော်မင်း၊ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ပြည်ထောင်စုဝန်ကြီးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါ၍ သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့သည့် ရခိုင်ပြည်နယ် စစ်တွေမြို့သို့ သွားရောက်ပြီး ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

**စစ်တွေမြို့တွင်းနှင့် ရှုခင်းသာလမ်းတစ်လျှောက် သန့်ရှင်းသာယာရေး**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စစ်တွေမြို့ လေဆိပ်သို့ ရောက်ရှိကြပြီး စစ်တွေမြို့အတွင်းနှင့် ရှုခင်းသာလမ်းတစ်လျှောက် မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်နှင့် တာဝန်ရှိသူများက စစ်တွေမြို့ View Point နေရာ၌ ရှုခင်းသာ လမ်းတစ်လျှောက် ဆိုင်ကလုန်း မုန်တိုင်း(မိုခါ) တိုက်ခတ်စဉ် ပျက်စီးခဲ့သည့်နေရာများအား ဦးစားပေးအလိုက် ပြင်ဆင်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်း တင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြန်လည်ပြင်ဆင်ရေးနှင့် ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ လတ်တလော ငွေကြေးကုန်ကျမှုများထက် ဒေသ၏ ရေရှည်အကျိုးကိုကြည့်၍ ဆောင်ရွက်ရန်လိုကြောင်း၊ ရှုခင်းသာလမ်းကို ပင်လယ်ကမ်းစပ်တစ်လျှောက်လုံး မြို့ပတ်လမ်းအဖြစ် ဆောင်ရွက်သွားရန်၊ ယာဉ်သွားလမ်းနှင့် ပလက်ဖောင်းများ စနစ်တကျဖြစ်အောင် ဆောင်ရွက်သွားရန်နှင့် မော်တော်ကားလမ်းအကျယ်နှင့် လူသွားလမ်း ပလက်ဖောင်း အကျယ်တို့ကိုလည်း ပြည်သူများ အန္တရာယ်ကင်းစွာ သွားလာနိုင်ရေး စနစ်တကျတွက်ချက်ကာ တိုးချဲ့ဆောင်ရွက်သွားရန်လိုကြောင်း၊ မြို့ပတ်လမ်း တစ်လျှောက်၌ ကျန်းမာကြံ့ခိုင်ရေး အတွက် ကိုယ်လက်လှုပ်ရှား အားကစားဆောင်ရွက်ရန်နေရာများ၊ ပင်လယ်ကမ်းစပ်သို့ဆင်းနိုင်သည့် နေရာများကိုလည်း ထည့်သွင်းတည်ဆောက်သွားရန်လိုကြောင်း၊ ရေစီးရေလာ ကောင်းမွန်စေရေး ရေနုတ်မြောင်းများ စနစ်တကျရှိရန်လိုသကဲ့သို့ မြေသားများနှင့် သဲနုန်းများ လမ်းပေါ်၌ တင်ကျန်နေပါက လမ်း၏ ရေရှည်ကြံ့ခိုင်မှုကို ထိခိုက်စေနိုင်သဖြင့် သန့်ရှင်းရေး မပြတ်ဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စစ်တွေမြို့ View Point နေရာအား လှည့်လည်ကြည့်ရှုစစ်ဆေးကာ ယခင်အတိုင်း သန့်ရှင်းသာယာလှပမှုရှိစေရေး ပြန်လည်ဆောင်ရွက်သွားရန် လိုအပ်သည်များကို မှာကြားခဲ့ပြီး ရှုခင်းသာ လမ်းတစ်လျှောက် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စစ်တွေမြို့ View Point နေရာအား ကြည့်ရှုစစ်ဆေးစဉ်။

**ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးပစ္စည်းများ ဖြန့်ခွဲနေမှု ကြည့်ရှုအားပေး၊ ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဘက်စုံသုံးဆိပ်ကမ်း၌ MV ROYAL VENUS သင်္ဘောနှင့် Fortune သင်္ဘောပေါ်မှကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အသုံးပြုမည့် ပစ္စည်းများကို လူအင်အား၊ စက်ယန္တရားအင်အားများ အသုံးပြု၍ သဘာဝဘေးဒဏ်သင့် ဒေသများသို့ ဖြန့်ခွဲပေးရန်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် ဝိုင်းဝန်းကူညီ ဆောင်ရွက်နေကြသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များကို တွေ့ဆုံအားပေးစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများကိုပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။

**ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြ**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက ရခိုင်ပြည်နယ်အတွင်း ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်များနှင့်အညီ အပိုင်းလိုက်ခွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ လမ်းပန်းဆက်သွယ်မှုများ ပြန်လည်ကောင်းမွန်ရေး ဆောင်ရွက်လျက်ရှိမှု၊ အခြေခံပညာကျောင်းများ ပြန်လည်ပြုပြင်ပြီးစီးမှု၊ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအတွက် ဆေးရုံဝန်ထမ်းများ၊ သူနာပြုများနှင့် ကြက်ခြေနီအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိမှု၊ ရုပ်သံလိုင်းများ ကောင်းမွန်ရေး ဆောင်ရွက်ပြီးစီးမှု၊ ပြန်လည်ထူထောင်ရေးအတွက် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ ပူးပေါင်းဆောင်ရွက်လျက်ရှိမှု၊ သောက်သုံးရေ ရရှိရေး ဆောင်ရွက်ပေးထားမှု၊ တိုင်းဒေသကြီး အစိုးရအဖွဲ့မှ အသား၊ ငါး၊ ဥ စသည့် မွေးမြူရေးထုတ်ကုန်များကို သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိမှုနှင့် တပ်မတော်မှလည်း သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိမှု၊ ပင်လယ်ကမ်းစပ်တစ်လျှောက် လေကာပင်များ စိုက်ပျိုးလျက်ရှိမှုနှင့် ထပ်မံတိုးချဲ့စိုက်ပျိုးနိုင်ရေး လျာထား

စာမျက်နှာ ၆ သို့ »»

»»» စာမျက်နှာ ၅ မှ

ဆောင်ရွက်လျက်ရှိမှု၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို တပ်မတော် အရာရှိကြီးများ၊ ပြည်ထောင်စု ဝန်ကြီးများက အနီးကပ်ကြပ်မတ်ဆောင်ရွက်ခဲ့မှုနှင့် လုပ်ငန်းကော်မတီများဖွဲ့စည်း ဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ညွှန်ကြားချက်အတိုင်း မုန်တိုင်းဒဏ်သင့် ပြည်သူများ စားသောက်နေထိုင်ရေးနှင့် ပညာသင်ကြားနိုင်ရေး၊ ဘာသာရေးဆိုင်ရာ အဆောက်အအုံများ ပြန်လည်ထူထောင်ရေးအတွက် ပြန်လည်ထူထောင်ရေး ပစ္စည်းများကို တပ်မတော် ရေယာဉ်၊ လေယာဉ်များ၊ ပုဂ္ဂလိကရေယာဉ်များဖြင့် ပို့ဆောင်လျက်ရှိမှု အခြေအနေများ၊ စားရေရိက္ခာ ပြတ်လပ်မှုမရှိရေး အခြေခံစားသောက်ကုန်များ၊ သောက်သုံးရေများနှင့် အမယ်စုံများကို ဒေသခံပြည်သူများထံ ဖြန့်ဝေပေးခဲ့မှု၊ မုန်တိုင်းသင့်ပြည်သူများအား အသိုင်းလိုက်ခွဲ၍ အမှန်တကယ်လိုအပ်သည့် ပြည်သူများထံ ထောက်ပံ့ရေးပစ္စည်းများ ရောက်ရှိရေး စီမံဆောင်ရွက်ထားရှိမှု၊ မုန်တိုင်းသင့် ပြည်သူများ၏ နေအိမ်များ ပြန်လည်ပြုပြင်နိုင်ရေးအတွက် လိုအပ်သည့် သစ်၊ သံ၊ သွပ်၊ တာပေါ်လင်စများကို အချိန်နှင့်တစ်ပြေးညီ ဖြန့်ဝေပေးခဲ့မှုနှင့် လိုအပ်ချက်များ ရှိနေသေးသည့် အခြေအနေများ၊ ပညာရေးကဏ္ဍ ပြန်လည်ထူထောင်ရေးအတွက် စစ်တွေတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ အစိုးရသိပ္ပံနှင့် အခြေခံပညာကျောင်းများ ပြန်လည်ပြင်ဆင်ရေး ဆောင်ရွက်လျက်ရှိမှု၊ ၂၀၂၃-၂၀၂၄ ခုနှစ် ပညာသင်နှစ်တွင် အဆင့်မြင့်ပညာကျောင်းများနှင့် အခြေခံပညာကျောင်းများ၌ ကျောင်းသားကျောင်းသူများ ပြန်လည်တက်ရောက်လျက်ရှိမှု၊ ကျန်းမာရေးကဏ္ဍနှင့်ပတ်သက်၍ မြို့နယ် ၁၇ မြို့နယ်တွင် ပျက်စီးမှုဖြစ်ပေါ်ခဲ့သည့် ကျန်းမာရေးဆိုင်ရာ အဆောက်အအုံများကို ပြန်လည်ပြုပြင်လျက်ရှိမှု၊ ကျန်းမာရေးဆိုင်ရာ အထောက်အကူပြုစက်ပစ္စည်းများ ရောက်ရှိဖြန့်ခွဲထားရှိမှု၊ ပြည်သူလူထုကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိမှု၊ မိုခါမုန်တိုင်းကြောင့် ပျက်စီးသွားသည့် သာသနာရေးဆိုင်ရာ အဆောက်အအုံများ ပြန်လည်ပြင်ဆင်ဆောင်ရွက်ပေးလျက်ရှိမှုနှင့် လိုအပ်သည့် ဆောက်လုပ်ရေးပစ္စည်းများ၊ ဆွမ်းဆန်တော်၊ ဆီနှင့် အခြားလိုအပ်သည်များကို လှူဒါန်းဆောင်ရွက်ခဲ့မှု၊ စေတီပုထိုးများ ပြန်လည်ပြုပြင်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံတော်မှ ပေးအပ်ထားသည့်သဘာဝဘေးအန္တရာယ် ပြန်လည်ထူထောင်ရေးအတွက် ထောက်ပံ့ ပေးအပ်ထားသည့် ထောက်ပံ့ငွေများကို ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် သုံးစွဲလျက်ရှိမှု၊ ရခိုင်ပြည်နယ်အတွင်းမှ လှူဒါန်းသည့် အလှူငွေများကိုလည်း စနစ်တကျဖြင့် စီမံဆောင်ရွက်လျက်ရှိမှု၊ ဆက်သွယ်ရေးကဏ္ဍနှင့် ပတ်သက်၍ ပြန်လည်ပြုပြင်ရေး လုပ်ငန်းများဆောင်ရွက်ပြီးစီးမှု၊ ဆက်သွယ်ရေးအော်ပရေတာများမှ လူထုအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိမှု၊ လျှပ်စစ်ကဏ္ဍနှင့်ပတ်သက်၍ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရေး ပြုပြင်ဆောင်ရွက်ပြီးစီးမှုနှင့် ဖြန့်ဖြူးလျက်ရှိမှု၊ ကျေးရွာများ လျှပ်စစ်ဓာတ်အားရရှိရေး ပြန်လည်ပြုပြင် ဆောင်ရွက်လျက်ရှိမှု၊ မိုးစပါးများ စိုက်ပျိုးထားရှိမှုနှင့် တစ်ဧကအထွက်နှုန်းများ တိုးတက်ရေး ဆောင်ရွက်ထားရှိမှု၊ ရခိုင်ပြည်နယ်သို့ မျိုးစပါးများ ရောက်ရှိမှုနှင့် ပြန်လည်ဖြန့်ဝေပေးလျက်ရှိမှု၊ ရောက်ရှိလာသည့် လယ်ယာသုံးစက်ကိရိယာများကို မြို့နယ်များအလိုက် ဖြန့်ခွဲပေးထားမှု၊ မွေးမြူရေးဆိုင်ရာနှင့် ပတ်သက်၍ မုန်တိုင်းသင့်ဒေသများသို့ ပြန်လည်ဖြန့်ဖြူးပေးနိုင်ရန်အတွက် လိုအပ်သည့် ကျွဲ၊ နွားများ ဝယ်ယူရရှိရေး ဆောင်ရွက်လျက်ရှိမှု၊ မြစ်မိရောင်စီမံကိန်းဖြင့် ကျေးရွာများဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိမှု၊ မိုခါမုန်တိုင်း တိုက်ခတ်မှုကြောင့် ငါးဖမ်းစက်လှေများ ပျက်စီးခဲ့မှု၊ ရေချိုသားဖောက်စခန်းများ ပြန်လည်ပြင်ဆင်ဆောင်ရွက်နိုင်ရန် လိုအပ်သည့် အခက်အခဲများကို ဖြေရှင်းပေးနိုင်ရေး ပူးပေါင်းဆောင်ရွက်လျက်ရှိမှု၊ ငါးမွေးမြူရေး တောင်သူများကို ငါးမျိုးများ ဖြန့်ခွဲပေးလျက်ရှိမှုနှင့် ငါး၊ ပုဇွန် မျိုးများကို ပြည့်ဝစွာရရှိနိုင်ရေး သားဖောက်စခန်းများကို ပြန်လည်ပြင်ဆင် ဆောင်ရွက်လျက်ရှိမှု၊ မုန်တိုင်းကြောင့်ပျက်စီးခဲ့သည့် သစ်ပင်များ ပြန်လည်စိုက်ပျိုးရေးအတွက် ရတနာဝန်ဝင်ပင်များ၊ အရိပ်ရလေကာပင်များ ဒီရေတောပင်များ စိုက်ပျိုးနိုင်ရေး စီမံဆောင်ရွက်ထားရှိမှုနှင့် သစ်ပင်စိုက်ပျိုးပွဲများ ဆောင်ရွက်၍ သစ်ပင်များ စိုက်ပျိုးလျက်ရှိမှုစသည်ဖြင့် ကဏ္ဍအလိုက် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စစ်တွေမြို့ ဘက်စုံသုံးဆိပ်ကမ်း၌ ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ဝိုင်းဝန်းကူညီဆောင်ရွက်နေကြသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်စဉ်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ ဦးမင်းနောင်၊ ဦးလှမိုး၊ ဒေါက်တာညွန့်ဖေ၊ ဦးမျိုးသန့်၊ ဒုတိယဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက ဝန်ကြီးဌာနအလိုက် ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့မှုနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိမှု၊ အခြေခံပညာကျောင်းများ ပြန်လည်ပြုပြင်ဆောင်ရွက်ခဲ့မှုနှင့် ပညာသင်ကြားရေးအပြင် ယာယီခိုလှုံရာ Shelter များအဖြစ်ပါ အသုံးပြုနိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ ရခိုင်ပြည်နယ်အတွင်း သဘာဝဘေးအန္တရာယ်ခိုလှုံရာ Shelter များကို အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိမှုနှင့် ဝန်ကြီးဌာနအလိုက် လုပ်ငန်းဆောင်ရွက်ရာတွင် လိုအပ်ချက်များကို ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

### မူလအခြေအနေထက် ပိုမိုဖွံ့ဖြိုးတိုးတက်သည့် စစ်တွေမြို့အဖြစ် ဖော်ဆောင်ပေးနိုင်ရေး ရေရှည်အကျိုးကို ကြည့်၍ ဆောင်ရွက်ရန်လို

ရှင်းလင်း တင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မူလအခြေအနေထက် ပိုမိုကောင်းမွန်သည့် စစ်တွေမြို့အဖြစ် ပြန်လည် ဆောင်ရွက်ပေးနိုင်ရန်နှင့် ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် လိုအပ်သည်များ ဆောင်ရွက်ပေးနိုင်ရေး ယခုကဲ့သို့ ထပ်မံလာရောက်ကြည့်ရှုစစ်ဆေးခြင်းဖြစ်ကြောင်း၊ ခေတ်မီမြို့ပြအဖြစ် ရောက်ရှိလာစေရေး မြို့တွင်းရှိ ဆက်သွယ်ရေးလမ်းကြောင်းများကိုလည်း အဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်သွားရမည်ဖြစ်သကဲ့သို့ အဆောက်အအုံများကိုလည်း ခေတ်နှင့်လျော်ညီသည့် အဆောက်အအုံများဖြစ်စေရေး စီမံဆောင်ရွက်သွားရန်လိုကြောင်း၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရာ၌ ဒေသ၏ ရေရှည်အကျိုးကိုကြည့်၍ စနစ်တကျ တွက်ချက် ဆောင်ရွက်သွားရန်လိုကြောင်း။

ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးရာတွင် အဓိကအားဖြင့် စားရေရိက္ခာ လုံလောက်မှုရှိစေရေးနှင့် ဆန်နှင့်ဆီများ ရရှိရေးဆောင်ရွက်ပေးရန် လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် မျိုးစပါးများ အချိန်မီရရှိရေးအတွက်လည်း စီမံဆောင်ရွက်ရန်လိုပြီး ဒေသနှင့်ကိုက်ညီသည့် မျိုးများဖြစ်ရန်လိုကြောင်း၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း ခေတ်မီပြီး စနစ်ကျသည့် မွေးမြူရေးလုပ်ငန်းများ ဖြစ်ရန်လိုကြောင်း၊ ရခိုင်ပြည်နယ်တွင် မွေးမြူရေးလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်ရန်အတွက် မွေးမြူရေး အစာကုန်ကြမ်းများ ရှိပြီးဖြစ်သဖြင့် အစာစနစ်၊ ရေစနစ်တို့ကို စနစ်တကျ ဆောင်ရွက်မည်ဆိုပါက မွေးမြူရေးအထွက်နှုန်း တိုးတက်လာမည်ဖြစ်ကြောင်း၊ ဈေးကွက်သေချာသည့် ရေကန်ငါးနှင့် ပုဇွန်မွေးမြူရေးကိုလည်း အဆင့်လိုက် ဆောင်ရွက်သွားရန်လိုကြောင်း။

အခြေခံပညာကျောင်းများ ပြန်လည် တည်ဆောက်ရေးအတွက် ဆောင်ရွက်ရာတွင် ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနိုင်ရေးနှင့် လိုအပ်သည့်အချိန်များတွင် ယာယီခိုလှုံရာ Shelter များအဖြစ် အသုံးပြုနိုင်ရေး စနစ်တကျဖြင့် တွက်ချက်စီမံဆောင်ရွက်ရန် လိုကြောင်း၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ ထိခိုက်ပျက်စီးမှုကိုလည်း ကူညီဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ မုန်တိုင်းကြောင့် ထိခိုက်ခဲ့သည့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်ရာတွင် ထိခိုက်မှုအဆင့်အလိုက် သတ်မှတ်ထားသည့် အတိုင်း ထောက်ပံ့ပေးနိုင်ရေး စနစ်တကျဖြင့် စီမံခန့်ခွဲဆောင်ရွက်ရန်လိုကြောင်း၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများအတွက် သစ်လိုအပ်မှုနှင့်ပတ်သက်၍ လိုအပ်သည့် အတိုင်းအတာအထိ ဖြည့်ဆည်းပေးနိုင်ရေး အထူးကိစ္စရပ်တစ်ရပ်အနေဖြင့် စီမံဆောင်ရွက်ရန်လိုကြောင်း၊ ဒေသအလိုက် အပျက်အစီးများ၊ အမှိုက်သရိုက်များကို သန့်ရှင်းရေး စနစ်တကျဆောင်ရွက်ခြင်းမရှိပါက ကျန်းမာရေးပိုင်းဆိုင်ရာများတွင်ပါ ထိခိုက်လာနိုင်သဖြင့် သန့်ရှင်းရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်ရန်လိုကြောင်း၊ စစ်တွေဆေးရုံကြီးတွင် အရေးပေါ်ကုသမှုများ ဆောင်ရွက်ခြင်းနှင့် အဆင့်မြင့်ကုသခြင်းများ ဆောင်ရွက်နိုင်ရန်အတွက် ဆေးရုံတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ပါရဂူများ၊ ဆေးမှူးများနှင့် ဒေသခံ အငြိမ်းစားပါရဂူကြီးများ ပူးပေါင်း၍ ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးနိုင်ရန် ပြည်နယ်ကျန်းမာရေးဦးစီးဌာနက ဦးဆောင်၍ ညှိနှိုင်းဆောင်ရွက်သွားရန်လိုကြောင်း၊ လိုအပ်သည့် ဆေးနှင့် ဆေးပစ္စည်းများကို နိုင်ငံတော်မှ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်သွားမည်ဆိုပါက ဒေသခံပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ပိုမိုဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း။

လျှပ်စစ်ဓာတ်အားနှင့်ပတ်သက်၍ နိုင်ငံတော်ဓာတ်အားလိုင်းမှ ချိတ်ဆက်ဆောင်ရွက်ထားခြင်းဖြစ်သဖြင့် သဘာဝဘေးဒဏ်

စာမျက်နှာ ၇ သို့ »»»

»»» စာမျက်နှာ ၆ မှ
ကျရောက်ချိန်တွင် ခေတ်အား ပြတ်တောက်မှုများ ဖြစ်ပေါ်နိုင်ကြောင်း၊ ထို့ကြောင့် ဒေသတွင်း လျှပ်စစ်ခေတ်အား ထုတ်လုပ်နိုင်ရေး နည်းလမ်းရှာဖွေဆောင်ရွက်ရန်လိုကြောင်း၊ စပါးခွံလောင်စာသုံး လျှပ်စစ်ခေတ်အား ထုတ်လုပ်ခြင်းများကို ဆောင်ရွက်နိုင်သကဲ့သို့ ရေအရင်းအမြစ်ကို အသုံးချ၍ အသေးစား၊ အလတ်စား ရေအားလျှပ်စစ်ခေတ်အား ထုတ်လုပ်ခြင်းများ ဆောင်ရွက်နိုင်ရေးအတွက်လည်း လေ့လာဆောင်ရွက်ရန်လိုကြောင်း ဖြည့်စွက်မှာကြားပြီး ပြည်ထောင်စုဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

**လိုအပ်သည်များ လမ်းညွှန်မှာကြား**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကား ပြောကြားရာတွင် ဆိုင်ကလုန်း မုန်တိုင်း(မိုခါ) ကျရောက်ပြီး နောက်ရက် မေ ၁၅ ရက်တွင် ရခိုင်ပြည်နယ်အတွင်း သဘာဝဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများကို လာရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း၊ သဘာဝဘေးဒဏ်ကျရောက်ခဲ့ပြီး နှစ်လခန့်အတွင်း ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အတိုင်းအတာ တစ်ခုအထိ တိုးတက်မှုရှိအောင် ဆောင်ရွက်နိုင်ခဲ့သည်ကို ယခုထပ်မံရောက်ရှိချိန်တွင် တွေ့ရှိရကြောင်း၊ မုန်တိုင်းကြောင့်ဖြစ်ပေါ်ခဲ့သည့် အပျက်အစီးများ ဖယ်ရှားခြင်းအပိုင်းနှင့် ပတ်သက်၍ အချို့နေရာများတွင် လိုအပ်ချက်များ ရှိနေသည်ကို တွေ့ရှိရပြီး ဒေသတွင်နေထိုင်သူများအနေဖြင့် မိမိတို့နေထိုင်ရာ အိမ်ခြံဝင်းများအတွင်း အပျက်အစီးများကို ဖယ်ရှားရန်အတွက် တိုက်တွန်း ဆောင်ရွက်ကြစေလိုကြောင်း။

အဆောက်အအုံများ ပြင်ဆင်ခြင်းနှင့် ပတ်သက်၍ လက်ရှိ အဆောက်အအုံများ ပြင်ဆင်ခြင်းနှင့် နောင်တွင် ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ် ကျရောက်ချိန်တွင် ခံနိုင်ရည်ရှိပြီး




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ တာဝန်ရှိသူများအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။

ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဆောင်ရွက်ရန်လိုကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် နိုင်ငံတော်မှ ဆောင်ရွက်ပေးသည့် အပိုင်းနှင့် ပြည်သူများက ဆောင်ရွက်နိုင်သည့် အပိုင်းဟူ၍ ရှိကြောင်း၊ အဆောက်အအုံများ ဆောက်လုပ်ရာတွင် ရေရှည်ခိုင်ခံ့ရေးထက်အလှအပကို ဦးစားပေးဆောက်လုပ်ခြင်းများကြောင့် အချို့အဆောက်အအုံများ ပျက်စီးမှုများပြားသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် ရေရှည်ခိုင်ခံ့သည့် အဆောက်အအုံများဖြစ်စေရေး စနစ်တကျဖြင့် တွက်ချက်ပြင်ဆင် ဆောင်ရွက်ကြရန်လိုကြောင်း၊ ပျက်စီးအဆောက်အအုံများ အစားထိုး ဆောက်လုပ်ခြင်းနှင့် ပတ်သက်၍လည်း အကြီးစားပြင်ဆင်ခြင်းများ ရှိသကဲ့သို့ လူနေအဆောက်အအုံများ အသစ်ပြန်လည်ဆောက်လုပ်ရခြင်းများလည်းရှိကြောင်း။

ဆောက်လုပ်ရေးလုပ်ငန်းများ အဆင့်မြှင့်တင်ရေးနှင့် ပတ်သက်၍ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပြည်နယ်အဆင့်တို့မှ တာဝန်ရှိသူများက စနစ်တကျဖြင့် ပူးပေါင်းဆောင်ရွက်ကြရန် လိုကြောင်း၊ နိုင်ငံတော်အနေဖြင့် စီမံခန့်ခွဲမှုများအရ၊ ငွေကြေးအရ၊ စားသောက်ကုန်များနှင့် အခြားလိုအပ်သည်များကို တတ်စွမ်းသရွေ့ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အစိုးရ၏ ကူညီမှုများသာမက ဒေသတွင်နေထိုင်သူများအနေဖြင့်လည်း မိမိတို့ကိုယ်တိုင် ပါဝင်ဆောင်ရွက်ကြမည် ဆိုပါက လုပ်ငန်းများ ပိုမိုတိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာ ပြည်နယ်အစိုးရနှင့် တာဝန်ရှိသူများ၊ ဒေသခံပြည်သူများ အတူတကွ ပူးပေါင်းဆောင်ရွက်မည်ဆိုပါက ရခိုင်ပြည်နယ်အနေဖြင့် မူလအခြေအနေထက် ပိုမိုတိုးတက်လာနိုင်မည်ဖြစ်ကြောင်း။

သဘာဝဘေးအန္တရာယ်ကြုံတွေ့ရသည့်အချိန်၊ အများပြည်သူ အခက်အခဲ အကျပ်အတည်းများ တွေ့ကြုံနေရသည့် အချိန်တွင် ကိုယ်ကျိုးစီးပွားအတွက် ပွဲလန့်တုန်း ဖျာခင်းသည့် သူများက ဘယ်သူသေသေ ငတေမာရင်ပြီးရောဆိုသည့် တစ်ကိုယ်ကောင်းဆန်သည့် စိတ်ဓာတ်ဖြင့် ဆောက်လုပ်ရေးသုံး ပစ္စည်းများ၊ အသုံးအဆောင် ပစ္စည်းများကို သတ်မှတ် ဈေးနှုန်းများထက် မတန်တဆ ဈေးနှုန်းများဖြင့် မြှင့်တင်ရောင်းချနေမှုများအပေါ်တွင်လည်း တာဝန်ရှိသူများအနေဖြင့် ဈေးနှုန်းမြှင့်တင်ရောင်းချနေသူများကို ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားရန် လိုကြောင်း၊ ဥပဒေအရ ထိရောက်သည့် ပြစ်ဒဏ်များကို ပေးရမည်ဖြစ်ပြီး မိမိတို့တစ်ဦးတစ်ယောက်၏ ကိုယ်ကျိုးစီးပွားအတွက် ဒေသခံ အချင်းချင်းအပေါ် အမြတ်ထုတ် ဆောင်ရွက်ခြင်းမှာ မဖြစ်သင့်ကြောင်း၊ ထို့ကြောင့် တာဝန်ရှိသူများအနေဖြင့် စနစ်တကျ ကြပ်မတ် ဆောင်ရွက်သွားရန် လိုကြောင်း။

စားသောက်ရေးနှင့် ပတ်သက်၍ လတ်တလောအဆင်ပြေမှုရှိစေရေးအတွက်လည်း ဒေသတွင်း လိုအပ်ချက်ရှိသည့် ဆန်၊ ဆီနှင့် အခြားလိုအပ်သည်များကို ပေးပို့စေလျက်ရှိကြောင်း၊ အလားတူ ဒေသတွင်း အသားစားသုံးမှု အထောက်အကူ ဖြစ်စေရေးအတွက် မွေးမြူရေးအတွက် လိုအပ်သည့် ကြက်သားပေါက်များကိုလည်း တင်ပို့စေခဲ့ကြောင်း၊ စားရေးနှင့် ပတ်သက်၍ အသား၊ ငါးနှင့် ဥအမျိုးမျိုးသည် ဒေသအတွင်း အမြဲမပြတ်လိုအပ်ချက်ရှိနေမည်ဖြစ်သဖြင့် မွေးမြူရေးလုပ်ငန်းများကို ထိထိရောက်ရောက်ဖြင့် ဆောင်ရွက်ကြရန်လိုပြီး ထိုမှတစ်ဆင့် တိုးချဲ့ဆောင်ရွက်သွားမည် ဆိုပါက ရခိုင်ပြည်နယ်အတွင်း အသား၊ ငါးများ ဖူလုံမှုရှိလာမည်ဖြစ်ကြောင်း။

စိုက်ပျိုးရေးနှင့် ပတ်သက်၍ ဒေသနှင့်ကိုက်ညီပြီး ရာသီဥတုဒဏ်ခံနိုင်သည့် အထွက်နှုန်းကောင်းမျိုးများဖြစ်ရန်လိုကြောင်း၊ မြေကောင်းမွန်ရေးအတွက် စနစ်တကျ မြေပြုပြင်မည်၊ လိုအပ်သည့် သွင်းအားစုနှင့် ဓာတ်မြေဩဇာများကို စနစ်တကျထည့်သွင်းမည်၊ စိုက်ပျိုးရေနှင့် အောင်ရေများ လုံလောက်စွာရရှိမည်၊ စိုက်နည်းစနစ်များ မှန်ကန်မည်ဆိုပါက အထွက်နှုန်းများ ကောင်းမွန် တိုးတက်လာမည်ဖြစ်ကြောင်း၊ မည်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကို ဆောင်ရွက်သည်ဖြစ်စေ နည်းစနစ်တကျ ဆောင်ရွက်မည်ဆိုပါက အောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်အတွင်းရှိ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုလည်း စနစ်တကျဖြင့် အောင်မြင်စေလိုကြောင်း၊ ထိုကဲ့သို့ စနစ်တကျဖြင့် အောင်မြင်အောင် ဆောင်ရွက်နိုင်ရေးအတွက် ဒေသတွင်း၌ အသိပညာ၊ အတတ်ပညာ ပြည့်ဝသည့်လူသားအရင်းအမြစ်ကောင်းများ များစွာပေါ်ထွန်းလာရန်လိုကြောင်း၊ ထို့ကြောင့် ကျောင်းတက်ရောက်နေသည့် ကျောင်းသားကျောင်းသူများ စာသင်နှစ်အတွင်း အတန်းပြီးဆုံးသည်အထိ သင်ကြားရန်နှင့် တန်းစဉ်ကူးပြောင်းမှုများ ရာနှုန်းပြည့်မီရန်လိုကြောင်း၊ ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သဖြင့် ပညာသင်ကြားရေးကို အားပေးဆောင်ရွက်ရန်လိုကြောင်း၊ ရခိုင်ပြည်နယ်သည် ပညာတတ်များ ပေါ်ကြွယ်ဝသည့် ပြည်နယ်တစ်ခုဖြစ်ပြီး ပညာရည်မြှင့်တင်မှုနှင့် ပတ်သက်၍ ဆက်လက်အားပေးဆောင်ရွက်သွားကြစေလိုကြောင်း။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုလုပ်ငန်းများ အတွက် အခြေခံပညာများ ရရှိနိုင်ရေး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုနည်းပညာ သင်တန်းကျောင်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ ထိုမှတစ်ဆင့် သက်ဆိုင်ရာ ဘာသာရပ်များအလိုက် ထူးချွန်သည့် ကျောင်းသား ကျောင်းသူများအနေဖြင့် ပညာရပ်များအလိုက် အဆင့်မြင့်ပညာရပ်များကို ဆက်လက်သင်ယူနိုင်မည်ဖြစ်ကြောင်း၊ အနာဂတ်ကာလတွင် ရခိုင်ပြည်နယ် ပိုမိုတိုးတက်လာရေးအတွက် ယခုအချိန်တွင် ပညာသင်ကြားလျက်ရှိသည့် ဒေသတွင်းမှ ကျောင်းသား ကျောင်းသူများသည် အဓိကအခန်းကဏ္ဍမှ ပါဝင်ကြောင်း၊ ထို့ကြောင့် တာဝန်ရှိသူများအနေဖြင့် ပညာရည်မြှင့်တင်ရေးကို စနစ်တကျ ကြပ်မတ်ဆောင်ရွက်ကြစေလိုကြောင်း၊ နိုင်ငံတော် အနေဖြင့်လည်း ပညာရေးဆိုင်ရာ ဝန်ထမ်းများကို လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း၊ ရခိုင်ပြည်နယ်အတွက် လိုအပ်သည့် ဆရာ ဆရာမများကိုလည်း ဖြည့်ဆည်းပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ ဆောင်ရွက်ပေးခြင်းမှာ အနာဂတ် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးခြင်းပင် ဖြစ်ကြောင်း။

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) မုန်တိုင်းဒဏ်ခံခဲ့ရသည့် ရခိုင်ပြည်နယ်အတွင်း ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် စေတနာ့ဝန်ထမ်းများက အင်တိုက်အားတိုက်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ဒေသတွင်နေထိုင်ကြသူများ အနေဖြင့်လည်း အတူတကွ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြမည်ဆိုပါက မူလအခြေအနေများထက် ပိုမိုကောင်းမွန်သည့် ဒေသများအဖြစ် ဆက်လက်ဖော်ဆောင်သွားနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံး ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ ရခိုင်ပြည်နယ်အတွင်း နေထိုင်ကြသူများ၊ ဒေသတွင် လာရောက် တာဝန်ထမ်းဆောင်လျက်ရှိသည့် နိုင်ငံ့ဝန်ထမ်းများ အနေဖြင့်လည်း မိမိတို့ဒေသအကျိုးအတွက် အားလုံးဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြစေလိုကြောင်း၊ မုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့မှုများအား ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးရာတွင် ယခင်ပုံမှန်ဆောင်ရွက်နေသည်များထက် ပိုမို၍ ခွန်အားစိုက်ထုတ်လုပ်ဆောင်ကြရန် မှာကြားလိုကြောင်း တိုက်တွန်းပြောကြားသည်။

**သတင်းစဉ်**



စစ်တွေမြို့ ရှုခင်းသာလမ်းတစ်လျှောက် ပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည်ကို တွေ့ရစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့်အဖွဲ့ ရခိုင်ပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေး



**စစ်တွေ ဇူလိုင် ၁၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ရခိုင်ပြည်နယ်ခရီးစဉ်တွင် လိုက်ပါလာသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးသည် ပြည်ထောင်စုအစိုးရအဖွဲ့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ တပ်မတော်အရာရှိကြီးများနှင့်အတူ ယနေ့မွန်းလွဲပိုင်းက ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)ဒဏ်သင့် ပုဏ္ဏားကျွန်းမြို့၊ မောင်တောမြို့နှင့် ဘူးသီးတောင်မြို့နယ်များအတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

## ကြည့်ရှုစစ်ဆေး

ဦးစွာ ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့်အဖွဲ့သည် မိုခါမုန်တိုင်း တိုက်ခတ်မှုကြောင့် ပျက်စီးခဲ့သည့် ပုဏ္ဏားကျွန်းမြို့ ဦးရာဇ်မင်္ဂလာကြိုးတံတား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့်အဖွဲ့သည် ပုဏ္ဏားကျွန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဗိုလ်ချုပ်ကြီး မြထွန်းဦးက မိမိတို့ဌာနအလိုက် လုပ်ငန်းတာဝန်များကို စည်းစည်းလုံးလုံးဖြင့် ဆောင်ရွက်နေကြသည်ကို တွေ့ရှိရသည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ ဌာနဆိုင်ရာများအနေဖြင့် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ပူးပေါင်းကာ လစဉ်လုပ်ငန်းတာဝန်များကို ပူးပေါင်းဆောင်ရွက်နေကြသည်ဟု သိရှိရပါကြောင်း၊ အုပ်ချုပ်ရေးတာဝန်များ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို စည်းစည်းလုံးလုံးဖြင့် လုပ်ဆောင်ပေးကြစေလိုကြောင်း ပြောကြားသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးပစ္စည်းများ ပေးပို့ရောက်ရှိ ဖြန့်ဖြူးနေမှုအခြေအနေ၊ ထွန်စက်နှင့် လက်တွန်းထွန်စက်များ ဖြန့်ဖြူးပေးထားမှုနှင့် ထွန်ယက်နေမှုအခြေအနေ၊ မျိုးစပါးနှင့် ဟင်းသီးဟင်းရွက်မျိုးစေ့များ ထောက်ပံ့ပေးနေမှုအခြေအနေ၊ မုန်တိုင်းဒဏ်သင့် အခြေခံပညာကျောင်းများနှင့် ဘုန်းတော်ကြီးသင်ကျောင်းများ ပြုပြင်ပြီးစီးမှု၊ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှုနှင့် ဆက်သွယ်ရေးလိုင်းများ ပြုပြင်ပြီးစီးမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြကြရာ ဗိုလ်ချုပ်ကြီး မြထွန်းဦးက လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့်အဖွဲ့သည် မြို့မရဲစခန်း၌ တပ်ဖွဲ့ဝင်များ၊ တပ်ဖွဲ့ဝင်များ၏ မိသားစုများနှင့်တွေ့ဆုံ၍ စခန်းအတွက် လိုအပ်ချက်များကို မှာကြားကာ ဒုတိယရဲချုပ်က တပ်ဖွဲ့ဝင်မိသားစုများအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။ ဆက်လက်၍ ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့်အဖွဲ့သည် စခန်းအတွင်းရှိ မြန်မာ့စီးပွားရေးဘဏ်၏ ငွေတိုက်အားကြည့်ရှုစစ်ဆေးပြီး ငွေတိုက်လုံခြုံရေးနှင့် မီးဘေးအန္တရာယ်ကင်းရှင်းရေး အထူးဂရုပြုကြပ်မတ်ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့်အဖွဲ့သည် မောင်တောမြို့သို့ သွားရောက်ပြီး အမှတ်(၅) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ အစည်းအဝေးခန်းမ၌ နယ်ခြားစောင့်တပ်ဖွဲ့ဝင်များ၊ တပ်ဖွဲ့ဝင်များ၏ မိသားစုများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး တပ်ဖွဲ့ဝင်မိသားစုများအတွက် စားသောက်ကုန်ပစ္စည်းများကို ထောက်ပံ့ပေးသည်။




ယင်းနောက် ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့်အဖွဲ့သည် မောင်တောမြို့ သာသနာ့ဗိမာန်၌ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံအားပေးစကား ပြောကြားသည်။ ဆက်လက်၍ ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ရပ်ကွက်အုပ်ချုပ်ရေးမှူးများအား ဆန်၊ ဆီ၊ ရေသန့်စက်နှင့် စားသောက်ဖွယ်ရာများကို ပေးအပ်ကြပြီး အဆိုပါ သာသာနာ့ဗိမာန်၌ မောင်တောမြို့နယ်အတွင်း မိုခါမုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည် ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး စသည့်ကဏ္ဍများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများနှင့် ပတ်သက်၍ ဆွေးနွေးကြသည်။ ဆက်လက်၍ ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့်အဖွဲ့သည် မောင်တောမြို့ ခရိုင်ရဲတပ်ဖွဲ့မှူးရုံးနှင့် မြန်မာ့စီးပွားရေးဘဏ် ငွေတိုက်တို့ကို သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ညနေပိုင်းတွင် ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့်အဖွဲ့သည် ဘူးသီးတောင်မြို့သို့ သွားရောက်ပြီး အမှတ်(၃) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ အစည်းအဝေးခန်းမ၌ တပ်ဖွဲ့ဝင်များ၊ တပ်ဖွဲ့ဝင်များ၏ မိသားစုများအား တွေ့ဆုံအားပေးစကားပြောကြားကာ တပ်ဖွဲ့ဝင်များအတွက် ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## အသိပေးနှိုးဆော်ချက်

၂၀၂၃ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့တွင် ကျင်းပပြုလုပ်မည့် (၇၆)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်တွင် ကျင်းပပြုလုပ်မည်ဖြစ်ရာ အခမ်းအနားကျင်းပ မည့် နံနက် ၀၄:၀၀ နာရီအချိန်မှ အခမ်းအနားပြီးဆုံးသည်အထိ အနောက်ရွှေဂုံတိုင်လမ်းအား ရေတာရှည်လမ်းဟောင်းမှလည်းကောင်း၊ ဓမ္မစေတီလမ်းအား ဦးဝိစာရ-ဓမ္မစေတီလမ်းဆုံမှလည်းကောင်း၊ ဓမ္မစေတီလမ်းအား အင်းယားမြိုင်လမ်းဆုံမှလည်းကောင်း၊ အာဇာနည်လမ်းအား အနောက်ရွှေဂုံတိုင်လမ်းနှင့် ဦးဝိစာရလမ်းဆုံမှလည်းကောင်း၊ အာဇာနည်လမ်းအား ဦးထောင်ဘိုလမ်းနှင့် အာဇာနည်လမ်းဆုံမှလည်းကောင်း၊ ဦးဝိစာရလမ်းအား ဦးဝိစာရအဝိုင်းမှ ဦးဝိစာရ-ဓမ္မစေတီလမ်းဆုံအထိ လည်းကောင်း၊ ရွှေတိဂုံဘုရားမြောက်ဘက်မုခ် (သွေးဆေးကန်) လမ်းတို့အား ခေတ္တပိတ်ထားမည်ဖြစ်ပြီး လမ်းပိတ်/လမ်းလွှဲ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက် ဖွင့်လှစ်မည့်နေရာအား ၁၉-၇-၂၀၂၃ ရက်နေ့မှ ၂၁-၇-၂၀၂၃ ရက်နေ့ ၀၅:၀၀ အချိန်မှ ၁၈:၀၀ အချိန်အထိ နတ်မောက်လမ်းအား ဝင်္ကဘာလမ်းဆုံမှလည်းကောင်း၊ နတ်မောက်လမ်းအား ဖိုးစိန်လမ်းဆုံမှလည်းကောင်း၊ ဗိုလ်ချုပ်ပြတိုက်လမ်းအား ငါးထပ်ကြီးဘုရားလမ်းနှင့်ဆုံရာမှလည်းကောင်း၊ ဗိုလ်ချိုလမ်းအား ရွှေကြက်ယက်လမ်းဆုံမှလည်းကောင်း၊ ဗိုလ်ချုပ်ပြတိုက်လမ်းအား စောမဟာလမ်းဆုံမှလည်းကောင်း ခေတ္တပိတ်ထားမည်ဖြစ်ပြီး လမ်းပိတ်/လမ်းလွှဲ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

အလံတင်အခမ်းအနားကျင်းပမည့် အတွင်းဝန်ရုံးအား ၁၉-၇-၂၀၂၃ ရက်နေ့မှ ၂၁-၇-၂၀၂၃ ရက်နေ့ ၀၅:၀၀ အချိန်မှ ၁၈:၀၀ အချိန်အထိ သိမ်ဖြူလမ်းအား ဗိုလ်ချုပ်လမ်းဆုံမှလည်းကောင်း၊ အနော်ရထာလမ်းအား ဗိုလ်မြတ်ထွန်းလမ်းဆုံမှလည်းကောင်း၊ မဟာဗန္ဓုလလမ်းအား ပန်းဆိုးတန်းလမ်းဆုံမှလည်းကောင်း၊ ဗိုလ်အောင်ကျော်လမ်းအား ကုန်သည်လမ်းဆုံမှလည်းကောင်း လမ်းပိတ်ထားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ယာဉ်မောင်းသူပြည်သူများအနေဖြင့် အခမ်းအနားကျင်းပစဉ် လမ်းပိတ်/လမ်းလွှဲ ဆောင်ရွက်နေသည့်အချိန်များတွင် အခြားသင့်လျော်သောလမ်းများမှ မောင်းနှင်သွားလာကြပါရန် ကြိုတင်အသိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ဖွံ့ဖြိုးမှုမျှဝေခြင်းအတွက် ကမ္ဘာလုံးဆိုင်ရာ ဆောင်ရွက်ချက်ဖိုရမ်၏ ပထမအကြိမ် အဆင့်မြင့်ညီလာခံသို့ တက်ရောက်

**နေပြည်တော် ဇူလိုင် ၁၀**

"ဖွံ့ဖြိုးမှု မျှဝေခြင်းအတွက် ကမ္ဘာလုံးဆိုင်ရာ ဆောင်ရွက်ချက်ဖိုရမ်၏ ပထမအကြိမ် အဆင့်မြင့်ညီလာခံ"သို့ တက်ရောက်ရန် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ပေကျင်းမြို့၌ ရောက်ရှိနေသော ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ယမန်နေ့နံနက်ပိုင်းက တရုတ်နိုင်ငံ နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (CIDCA)၊ ဒုတိယဥက္ကဋ္ဌ Mr. Deng Boqing နှင့် သီးခြားတွေ့ဆုံ၍ နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အကူအညီဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ဆဲစီမံကိန်းများ၊ အဆိုပြုစီမံကိန်းများနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ညီလာခံသို့ တက်ရောက်လာကြသည့် နိုင်ငံ/အဖွဲ့အစည်းများမှ အဆင့်မြင့်ကိုယ်စားလှယ်များအား CIDCA မှတည်ခင်းဧည့်ခံသည့် ကြိုဆိုဂုဏ်ပြုခြင်း အထိမ်းအမှတ် ညစာစားပွဲသို့ တက်ရောက်သည်။




ယနေ့နံနက်ပိုင်းတွင် "ဖွံ့ဖြိုးမှု မျှဝေခြင်းအတွက် ကမ္ဘာလုံးဆိုင်ရာ ဆောင်ရွက်ချက်ဖိုရမ်၏ ပထမအကြိမ်အဆင့်မြင့် ညီလာခံကို "Global Development Initiative: Echo the Develo – pment Agenda and Call for Global Action" ခေါင်းစဉ်ဖြင့် ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ပါဝင်တက်ရောက်သည်။

အဆိုပါညီလာခံသို့ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်၊ ဗဟိုနိုင်ငံခြားရေးရာ ကော်မရှင်ရုံးအကြီးအကဲ Mr. Wang Yi ၊ တရုတ်နိုင်ငံ နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (CIDCA) ဥက္ကဋ္ဌ Mr. Luo Zhaohui ၊ ဖိတ်ကြားထားသော အာရှ၊ အာဖရိက၊ လက်တင်အမေရိက နိုင်ငံပေါင်း ၂၀ ကျော်မှကိုယ်စားလှယ်အဖွဲ့များနှင့် ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်း ၃၆ ခုတို့မှ အဆင့်မြင့်ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ကြရာ မြန်မာကိုယ်စားလှယ် အဖွဲ့နှင့်အတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်မောင်ဆွေနှင့် ကိုယ်စားလှယ်နှစ်ဦးတို့လည်း ပါဝင်တက်ရောက်ကြသည်။

ညီလာခံတွင် ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးရေးကိစ္စများနှင့်စပ်လျဉ်း၍ ဘုံအကျိုးအမြတ် ရရှိစေရန် ရည်ရွယ်၍ ဖိုရမ်ခွဲလေးခု ဆက်လက် ကျင်းပခဲ့ရာ ပြည်ထောင်စုဝန်ကြီးသည် "ဆင်းရဲမှုလျှော့ချရေးနှင့် စိုက်ပျိုးရေးအသွင်ကူးပြောင်းမှုအတွက် ကမ္ဘာလုံးဆိုင်ရာ အများပြည်သူပိုင်ပစ္စည်းများနှင့်စပ်လျဉ်း၍ ဖွံ့ဖြိုးဆဲနိုင်ငံများအချင်းချင်း ပူးပေါင်းဆောင်ရွက်မှု ဖိုရမ်ခွဲ" သို့ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

ညီလာခံအပြီးတွင် ပါဝင်တက်ရောက်သည့် နိုင်ငံများ၏ သဘောတူညီမှုဖြင့် ပေကျင်းထုတ်ပြန်ချက်ကို ကြေညာခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ချင်းပြည်နယ်၊ ပလက်ဝမြို့၊ ရိက္ခာရပ်ကွက်၊ အောင်စောင်လမ်း၊ အိမ်အမှတ် (၆)တွင် ပါတီရုံးချုပ်တည်ရှိသော **ခူမီးအမျိုးသားပါတီ**က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၇-၇-၂၀၂၃ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့်တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့်တံဆိပ်တို့ကို ကန့်ကွက်လိုက ယခု ကြေညာသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ခူမီးအမျိုးသားပါတီ၏ အလံပုံစံ**



**ခူမီးအမျိုးသားပါတီ၏ တံဆိပ်ပုံစံ**




**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**



## နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) အရာထမ်းငယ်သင်တန်း အမှတ်စဉ်(၁၂၆)၏ သင်တန်းဖွင့်ပွဲ အခမ်းအနား ကျင်းပ

**ရန်ကုန် ဇူလိုင် ၁၀**

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)၌ အရာထမ်းငယ်သင်တန်း အမှတ်စဉ်(၁၂၆)၏ သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီ၌ Online Learning System ဖြင့် ကျင်းပသည်။

**တက်ရောက်**

ဖွင့်ပွဲအခမ်းအနားတွင် ပါမောက္ခချုပ် ဦးဇော်ဇော်က သင်တန်းဖွင့်အမှာစကား ပြောကြားပြီး အခမ်းအနားသို့ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများ၊ ပညာဌာနများမှ ပါမောက္ခများ၊ သင်ကြားပို့ချမည့် ဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အရာထမ်းငယ်သင်တန်းအမှတ်စဉ်(၁၂၆)သို့ သင်တန်းသား ၂၃၆ ဦး၊ သင်တန်းသူ ၂၄၃ ဦး၊ စုစုပေါင်း ၄၇၉ ဦး တက်ရောက်လျက်ရှိပြီး ဇူလိုင် ၁၀ ရက်မှ စက်တင်ဘာ ၂၉ ရက်အထိ Distance Learning ဖြင့်လည်းကောင်း၊ အောက်တိုဘာ ၉ ရက်မှ နိုဝင်ဘာ ၃ ရက်အထိ In-House Learning ဖြင့်လည်းကောင်း ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်းဗဟို နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

**ရန်ကုန် ဇူလိုင် ၁၀**

မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှု အသင်းဗဟို၏( ၂၀၂၂-၂၀၂၃ AGM )နှစ်ပတ်လည် အစည်းအဝေးကို ယမန်နေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် အရှေ့မြင်းပြိုင်ကွင်းလမ်းရှိ Sky Star Hotel ၌ ကျင်းပသည်။

ဦးစွာ မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း ဗဟိုဥက္ကဋ္ဌ ဦးခင်မောင်သန်းကအဖွင့်အမှာစကားပြောကြားပြီး ASEAN REAL ESTATE NETWORK ALLIANCE (ARENA)(SG) မှ Mr.SOMA JUNDRAM က နှုတ်ခွန်းဆက်အမှာစကားပြောကြားသည်။ ထို့နောက် နာယကဆရာ ဦးလှမြင့်က AGM ကျင်းပခြင်းအတွက် ဝမ်းမြောက်ပီတိစကားပြောကြားပြီး နာယက ဒေါက်တာဆန်းထွန်းက MRESA အသင်း၏ ၂၀၁၈ ခုနှစ်အသင်း၏ ဖွဲ့စည်းပုံ၊ စည်းမျဉ်းတချို့အား ပြင်ဆင်ဖြည့်စွက်သော အချက်များအား ရှင်းလင်းတင်ပြကာ အတည်ပြုချက်ရယူသည်။



ယင်းနောက် ဗဟိုတွဲဖက်အထွေထွေအတွင်းရေးမှူး(၁) ဒေါ်မိုးမိုးထွန်းက ဘဏ္ဍာရေးရှင်းတမ်းအစီရင်ခံစာ ဖတ်ကြားပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များအား အသင်းကြီး၏စွမ်းဆောင်ရည်ဆုများပေးအပ်ကြသည်။

ယနေ့ပြုလုပ်သည့် အခမ်းအနားနှင့်ပတ်သက်၍"ကျွန်တော်တို့အသင်းဟာ ၂၀၁၆ ခုနှစ်မှာ ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှာ အာဆီယံအိမ်ခြံမြေ ကွန်ရက်အသင်းကြီးထဲကို ကျွန်တော်တို့ ရှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။ မြန်မာ၊ ထိုင်း၊ စင်ကာပူ၊ မလေးရှား၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ ဖိလစ်ပိုင် ရှစ်နိုင်ငံပါဝင်ခဲ့ပါတယ်။ အသင်းကြီးအနေနဲ့ အာဆီယံနိုင်ငံတွေနဲ့လည်း MoU လက်မှတ်ထိုးတယ်။ အာဆီယံအဆင့်နဲ့အညီ အာဆီယံအိမ်ခြံမြေ ဝန်ဆောင်မှုကို ကျွန်တော်တို့က ကာစတန်မာပြည်သူတွေကို ပေးမှာရယ်၊ နိုင်ငံရဲ့ဂုဏ်သိက္ခာတက်ဖို့ရယ် ကျွန်တော်တို့က ဆောင်ရွက်နေပါတယ်" ဟု မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း ဗဟိုဥက္ကဋ္ဌ ဦးခင်မောင်သန်းက ပြောကြားခဲ့သည်။ **အောင်မြင့်(ပြန်/ဆက်)**

# ပြန်ကြားရေးဝန်ကြီးဌာန အရာထမ်း၊ အမှုထမ်းများ၏ ပြည်ပခရီးစဉ် အတွေ့အကြုံရှင်းလင်းတင်ပြခြင်း ဒုတိယအကြိမ် အခမ်းအနားကျင်းပ


ဦးအာကာတိုက်အောင်


ဒေါ်ခိုင်သဇ္ဇာ


ဒေါ်စုသက်မှူး


ဦးကြည်စိုးညွန့်


ဦးစိုင်းထွန်းနေလှိုင်


ဒေါ်အိအိငယ်

နေပြည်တော် ဇူလိုင် ၁၀

ပြည်ပနိုင်ငံများ၌ လေ့လာရေးခရီးစဉ်၊ လူငယ်ထိပ်သီးတွေ့ဆုံပွဲ၊ အစည်းအဝေးများ တက်ရောက်ပြီး ပြန်လည်ရောက်ရှိလာသည့် ပြန်ကြားရေးဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၏ ပြည်ပခရီးစဉ် အတွေ့အကြုံရှင်းလင်းတင်ပြခြင်း ဒုတိယအကြိမ် အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများနှင့် ဝန်ထမ်းများတက်ရောက်ကြသည်။

အခမ်းအနားတွင် **မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဦးစီးအရာရှိ ဦးအာကာတိုက်အောင်**က အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၈ ရက်မှ ၂၀ ရက်အထိ ကျင်းပသည့် အာဆီယံ-အိန္ဒိယ ဂီတပွဲတော်သို့ ပါဝင်တက်ရောက်ခဲ့သည့် အတွေ့အကြုံကိုလည်းကောင်း၊ **မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဦးစီးအရာရှိ ဒေါ်ခိုင်သဇ္ဇာ**က ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့တွင် ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၂၁ ရက်မှ ၂၆ ရက်အထိကျင်းပသည့်(၅၇) ကြိမ်မြောက် အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးအစည်းအဝေးသို့တက်ရောက်ခဲ့သည့်အတွေ့အကြုံကိုလည်းကောင်း၊ **မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဦးစီးအရာရှိ ဒေါ်စုသက်မှူး**က တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်နိုင်ငံတကာရေဒီယိုအသံလွှင့်ဌာန (China Radio International –CRI)တွင် ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၂၉ ရက်မှ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၃၀ ရက်အထိကျင်းပသည့် မြန်မာဘာသာအသံလွှင့်သူရာထူးနေရာတွင် ပြင်ပဝန်ထမ်းစည်းကမ်းချက်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည့် အတွေ့အကြုံကိုလည်းကောင်း၊ **မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ အနုပညာရှင်(၁) ဦးကြည်စိုးညွန့်**က အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် ၂၀၂၂ ခုနှစ် ဇွန် ၁၄ ရက်မှ ၂၀ ရက်အထိ ကျင်းပသည့် အာဆီယံ-အိန္ဒိယ သတင်းသမားများအပြန်အလှန်လေ့လာရေးခရီးစဉ်သို့ တက်ရောက်ခဲ့သည့် အတွေ့အကြုံကိုလည်းကောင်း၊ **ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစိုင်းထွန်းနေလှိုင်** က အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၉ ရက် မှ ၁၁ ရက်အထိ ကျင်းပသည့် အာဆီယံ – အိန္ဒိယသတင်းသမားများ အပြန်အလှန်လေ့လာရေးခရီးစဉ်သို့ ပါဝင်တက်ရောက်ခဲ့သည့် အတွေ့အကြုံကိုလည်းကောင်း၊ **ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနမှ စာတည်း ဒေါ်အိအိငယ်**က အိန္ဒိယနိုင်ငံ အန်ဒရာပရာဒစ်ပြည်နယ် ဗီဆာခါပတ်နမ်မြို့တွင် ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်မှ ဇွန် ၁၆ ရက်အထိ ကျင်းပသည့် (၄)ကြိမ်မြောက် အာဆီယံ – အိန္ဒိယ လူငယ်ထိပ်သီးတွေ့ဆုံပွဲသို့ ပါဝင်တက်ရောက်ခဲ့သည့် အတွေ့အကြုံကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ဝန်ထမ်းများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# အာရှ - ပစိဖိတ်ဒေသတွင်းနိုင်ငံများ ရုပ်သံထုတ်လွှင့်မှုအဖွဲ့ အစည်းအဝေးကျင်းပ



ကူချင်း ဇူလိုင် ၁၀

အာရှ – ပစိဖိတ်ဒေသတွင်းနိုင်ငံများ ရုပ်သံထုတ်လွှင့်မှုအဖွဲ့၏ နှစ်စဉ်ကျင်းပမြဲဖြစ်သည့် (Asia – Pacific Broadcasting Union ABU News Group Meeting) သတင်းအဖွဲ့ အစည်းအဝေးနှင့် ၂၀၂၃ ခုနှစ် ကမ္ဘာ့သတင်းဖိုရမ် (2023 Global News Forum) ကို ဇူလိုင် ၁၀ မှ ၁၂ ရက်အထိ မလေးရှားနိုင်ငံ ဆာရာဝပ်ရှိ ကူချင်းမြို့တွင် ကျင်းပလျက်ရှိသည်။

အဆိုပါ အစည်းအဝေးသို့ အာရှ–ပစိဖိတ်ဒေသတွင်း ကမ္ဘာ့ထိပ်တန်းမီဒီယာများမှ ကျွမ်းကျင်ပညာရှင်များ၊ သတင်းခန်းအယ်ဒီတာများ၊ ဂျာနယ်လစ်များ ၁၀၀ ခန့် တက်ရောက်ကြသည်။

## ကြိုဆိုမိတ်ဆက်

အစည်းအဝေး ပထမနေ့တွင် ABU သတင်းဒါရိုက်တာက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး အဖွဲ့ဝင်သစ်များဖြစ်သည့် ဂျာမနီမှ ARD နှင့် သီရိလင်္ကာနိုင်ငံမှ MTV ရုပ်သံတို့ကို ကြိုဆိုမိတ်ဆက်ကြသည်။

ထို့နောက် သဘာဝဘေးအန္တရာယ်နှင့် အခက်အခဲ၊ အကျပ်အတည်းများအကြား သတင်းရယူရာတွင် သတင်းသမားများ ဘေးကင်းရေး (Journalist safety and trauma)၊ နိုင်ငံတကာ ပရိသတ်ရရှိရေး (Building International audiences) နှင့် အရေးပေါ် အခြေအနေများတွင် တုံ့ပြန်ဆောင်ရွက်ရေး(Responding to emergencies–priori – tising platforms and preparing your newsroom) စသည့် Panel Discussion များနှင့် Presentation များပါဝင်ပြီး တက်ရောက်လာသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။

## ဆွေးနွေးကြမည်

ဒုတိယနေ့တွင် ကမ္ဘာ့သတင်းဖိုရမ်ကို ဆက်လက်ကျင်းပမည်ဖြစ်ပြီး အဆင့်မြင့်ဆုံးနည်းပညာဖြစ်သည့် အသိဉာဏ်တု Artificial Intelligence (AI) နှင့်ပတ်သက်သည့် Can AI be trusted ၊ The ethics of AI နှင့် Introducing AI to newsroom: The facts, fears and hyndles စသည့် အကြောင်းအရာများနှင့်ပတ်သက်၍ ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းဝင်း**



# သတင်းရေးသားခြင်းနှင့် ဗီဒီယိုရိုက်ကူးခြင်းဆိုင်ရာ သုံးသပ်ဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၁၀

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ခရိုင်၊ မြို့နယ်များတွင် သတင်းလုပ်ငန်း တာဝန်ယူဆောင်ရွက်နေသူများ၏ သတင်းရေးသားခြင်း၊ ဗီဒီယိုရိုက်ကူးတည်းဖြတ်ခြင်းဆိုင်ရာ သုံးသပ်ဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းက နေပြည်တော် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ကျင်းပသည်။

## ပြောကြား

အခမ်းအနားတွင် နေပြည်တော် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် သတင်းလုပ်ငန်းဆိုင်ရာ သုံးသပ်ဆွေးနွေးပွဲကိုကျင်းပရာ ဒုတိယတိုင်းဦးစီးမှူး ဒေါ်ခင်မာဖြူက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နေပြည်တော်အတွင်းရှိ ခရိုင်၊ မြို့နယ်များမှ သတင်းလုပ်ငန်းတာဝန်ယူဆောင်ရွက်နေကြသည့် သတင်းတာဝန်ခံများနှင့် သတင်းရေးသားရာတွင် လိုက်နာရမည့်အသုံးအနှုန်းများ၊ သတင်းမီဒီယာကျင့်ဝတ်နှင့်အညီ ရေးသား၊ ရိုက်ကူးရန်ကိစ္စများ၊ ပြည်သူများ၏ သတင်းသိရှိပိုင်ခွင့်အတွက် သတင်း၊ ဗီဒီယိုရိုက်ကူး၊ ရေးသားထုတ်လွှင့်ဆောင်ရွက်နိုင်မှုများ၊ သတင်းဗီဒီယိုများ ရိုက်ကူးရာတွင် Media Engagement Plan နှင့်အညီ ရိုက်ကူးရန်ကိစ္စများနှင့် ၂၀၂၃ ခုနှစ် ပထမခြောက်လတာကာလအတွင်း သတင်းလုပ်ငန်းဆောင်ရွက်ချက်များအပေါ် အားနည်းချက်၊ အားသာချက်များကို သုံးသပ်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ရွှေပင်လယ်**

# ဟုမ္မလင်းမြို့နယ်၌ ငါးမွေးတောင်သူများထံ ငါးသားပေါက်များ ဖြန့်ဝေပေး

ဟုမ္မလင်း ဇူလိုင် ၁၀

စစ်ကိုင်းတိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာနမှကြီးကြပ်၍ ဟုမ္မလင်းခရိုင်ငါးလုပ်ငန်းဦးစီးဌာန၊ ဟုမ္မလင်းငါးလုပ်ငန်းစခန်းက ငါးမွေးတောင်သူ ၂၄ ဦးသို့ နှစ်လက်မအရွယ် ငါးသားပေါက်များဖြန့်ဝေပေးခြင်းအခမ်းအနားကို ဇွန်၂၆ ရက် နံနက် ၁၁ နာရီက ဟုမ္မလင်းမြို့နယ် အောင်သာငြိမ်းကျေးရွာ ဟုမ္မလင်းငါးလုပ်ငန်းစခန်းတွင် ကျင်းပသည်။

ဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါက်တာစုမျိုးသွယ်က ဟုမ္မလင်းငါးသားပေါက်စခန်းတည်ဆောက်ရခြင်းနှင့် ငါးသားပေါက်များပေးအပ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။



ထို့နောက် ငါးမွေးတောင်သူ ၂၄ ဦး၏ မြေဧရိယာ ၅၈ ဒသမ ၈၅ ဧကအတွက် ဟုမ္မလင်းငါးသားပေါက်စခန်းမှ ထုတ်လုပ်သော ငါးသားပေါက်ကောင်ရေ ၁၀၂၇၀၀ ကို တာဝန်ရှိသူများက ပေးအပ်ခဲ့ရာ ငါးမွေးတောင်သူများက လက်ခံရယူခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နယ်စပ်နှင့် တောင်တန်းဒေသ သာသနာပြုဌာနများတွင် သာသနာပြုလုပ်ငန်းများဆောင်ရွက်ရန် အလှူငွေပေးအပ်

**နေပြည်တော် ဇူလိုင် ၁၀**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် (၇)ရပ်ကွက် ဖျာပုံလမ်းရှိ တက္ကသီလ ဇေယျသိဒ္ဓိပဋ္ဌာန်းကျောင်းတိုက်မှ မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ (မူလဒွါရ) ဆရာတော် ဘဒ္ဒန္တကောဝိဒက သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိသာသနာပြုဌာနများသို့သာသနာပြုလုပ်ငန်းများဆောင်ရွက်ရန် အလှူငွေပေးအပ်ခြင်းအခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ညှိနှိုင်းခန်းမ၌ ကျင်းပသည်။

**လှူဒါန်းရခြင်းနှင့်ပတ်သက်၍**

ဦးစွာ ဆရာတော် ဘဒ္ဒန္တကောဝိဒက ငွေကျပ် ၁၀၈ သိန်း လှူဒါန်းရခြင်းနှင့်ပတ်သက်၍ နယ်စပ်ဒေသများတွင် သာသနာပြုတာဝန်ထမ်းဆောင်လျက်ရှိသော သာသနာပြု ရဟန်း၊ သီလရှင်၊ လူပုဂ္ဂိုလ်များ၏ သာသနာပြုလုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် လှူဒါန်းရခြင်းဖြစ်ကြောင်း မိန့်ကြားသည်။



ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက ဆရာတော်၏ အလှူငွေကို ထေရဝါဒဗုဒ္ဓသာသနာပြုဩဝါဒါစရိယအဖွဲ့ထံ အသိပေးလျှောက်ထားသွားမည်ဖြစ်ကြောင်း၊ ထေရဝါဒဗုဒ္ဓသာသနာပြု ဩဝါဒါစရိယအဖွဲ့၏ ကြီးကြပ်မှုဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ နယ်စပ်နှင့် တောင်တန်းဒေသများ၌ ဖွင့်လှစ်ထားသော သာသနာပြုဌာန ၆၁၄ ဌာန ရှိပြီး သာသနာပြုတာဝန်ထမ်းဆောင်နေကြသော ရဟန်းတော် ၆၀၁ ပါး၊ သာသနာပြုသီလရှင် ၄၁ ပါး၊ သာသနာပြုလူပုဂ္ဂိုလ် ၂၉၇ ဦးတို့ဖြင့် သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်းနှင့် ၎င်းဌာနများအနက်မှ ပစ္စည်းလေးပါးချို့တဲ့သော သာသနာပြုကျောင်းများကို ရွေးချယ်၍ ထေရဝါဒဗုဒ္ဓသာသနာပြု ဩဝါဒါစရိယဆရာတော်ကြီးများ၏ ဩဝါဒနှင့်အညီ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှတစ်ဆင့် ဆက်လက်ပေးပို့လှူဒါန်းသွားမည်ဖြစ်ကြောင်း လျှောက်ထားသည်။

ဆက်လက်၍ ဆရာတော် ဘဒ္ဒန္တကောဝိဒက လှူဒါန်းငွေကျပ် ၁၀၈ သိန်းကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံ ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ဆက်ကပ်သည်။

**သတင်းစဉ်**

# ဟုမ္မလင်းမြို့နယ်၌ နမ့်ပင အသေးစားရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်

**မုံရွာ ဇူလိုင် ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် တာဝန်ရှိသူများသည် ဇူလိုင် ၉ ရက် မွန်းလွဲပိုင်းတွင် ဟုမ္မလင်းမြို့နယ် နားသကျိုက်ကျေးရွာအနီး နမ့်ပငချောင်းပေါ်တွင် တည်ဆောက်လျက်ရှိသည့် နမ့်ပင အသေးစားရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**မှာကြား**

တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က နမ့်ပငအသေးစား ရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်ပြီးစီးပါက ဟုမ္မလင်းမြို့နှင့်အနီးရှိ ကျေးရွာများမှ ဒေသခံပြည်သူများနှင့် MSMEs လုပ်ငန်းများအတွက် လျှပ်စစ်ဓာတ်အားလုံလောက်အောင် ဖြည့်ဆည်းပေးနိုင်တော့မည်ဖြစ်သဖြင့် သတ်မှတ်ကာလတွင်ပြီးစီးအောင် ဆောင်ရွက်စေလိုကြောင်း၊ သတ်မှတ်အရည်အသွေးများနှင့် ကိုက်ညီစွာတည်ဆောက်ကာ လုပ်ငန်းများဆောင်ရွက်မှုအပေါ် စေတနာထားဆောင်ရွက်ကြရန် လိုအပ်ကြောင်းနှင့် လုပ်ငန်းခွင်အန္တရာယ် ကင်းရှင်းရေးတို့အား မှာကြားပြီး တင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက နမ့်ပင အသေးစားရေအားလျှပ်စစ်စီမံကိန်းတည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြသည်။

အဆိုပါ နမ့်ပင အသေးစားရေအားလျှပ်စစ်စီမံကိန်းသည် ဟုမ္မလင်းမြို့၏အနောက်ဘက် ၇ ဒသမ ၅ မိုင်ခန့်အကွာ၊ နားသကျိုက်ကျေးရွာအနီးတွင်တည်ရှိပြီး Concrete Gravity Dam တမံ အမျိုးအစားဖြစ်ပြီး တမံအလျား ၄၇၃ ပေ၊ တမံအမြင့် ၁၁၄ ဒသမ ၈ ပေ၊ ရေအားအမြင့် ၈၀ ဒသမ ၃၈ ပေ၊ နှစ်စဉ်ပျှမ်းမျှစီးဝင်ရေ ဧကပေ ၁ ဒသမ ၁၀ သိန်း၊ သံကူကွန်ကရစ် ရေပိုလွှဲဖြစ်ကာ တပ်ဆင်စက်အင်အား ၆ မဂ္ဂါဝပ် (၂ x ၃ မဂ္ဂါဝပ်) ဖြစ်ပြီး နှစ်စဉ်လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီ ၃၄ ဒသမ ၆၈ သန်း ပျှမ်းမျှထုတ်လုပ်နိုင်မည်ဖြစ်သည်။ တည်ဆောက်ရေးလုပ်ငန်းများအား ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် အပြီးတည်ဆောက်သွားမည်ဖြစ်ပြီး ယခုအချိန်တွင် လုပ်ငန်းအားလုံး၏ ၄၁ ဒသမ ၇၁ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်သည်။



**တိုင်းဒေသကြီး(ပြန်/ဆက်)**

# (၅၈) ကြိမ်မြောက် အာဆီယံခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်

**နေပြည်တော် ဇူလိုင် ၁၀**

(၅၈) ကြိမ်မြောက် အာဆီယံခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို မလေးရှားနိုင်ငံက အိမ်ရှင်အဖြစ် ဇူလိုင် ၁၀ ရက်မှ ၁၂ ရက်အထိ ပူထရာဂျာရာမြို့ရှိ Le Méridien Putrajaya ဟိုတယ်တွင် In Person စနစ်ဖြင့် ကျင်းပလျက်ရှိသည်။

**တက်ရောက်**




အဆိုပါ အစည်းအဝေးများသို့ အာဆီယံအဖွဲ့ဝင် နိုင်ငံများမှ ခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့ခေါင်းဆောင်များ၊ တရုတ်၊ ဂျပန်၊ ကိုရီးယားနှင့် အိန္ဒိယနိုင်ငံများမှ ခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့ခေါင်းဆောင်များ၊ အာဆီယံ-တရုတ်ဗဟိုဌာန၊ အာဆီယံ-ဂျပန်ဗဟိုဌာန၊ အာဆီယံ-ကိုရီးယားဗဟိုဌာနတို့မှ ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်များနှင့် မြန်မာနိုင်ငံမှ ခရီးသွားလုပ်ငန်းအာဏာပိုင်အဖွဲ့ခေါင်းဆောင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ကြသည်။

(၅၈) ကြိမ်မြောက် အာဆီယံခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့အစည်းအဝေးတွင် အာဆီယံခရီးသွားလုပ်ငန်း မဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၅) နှင့် အာဆီယံဒေသတွင်း ခရီးသွားလုပ်ငန်းများ ပြန်လည်ထူထောင်ရေး စီမံချက်များအရ ကိုဗစ်-၁၉ အလွန် အာဆီယံဒေသတွင်း ခရီးသွားလုပ်ငန်းများပြန်လည်မြှင့်တင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အာဆီယံခရီးသွားလုပ်ငန်း ကော်မတီများအလိုက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ ၂၀၂၅ အလွန် အာဆီယံခရီးသွားလုပ်ငန်း မဟာဗျူဟာစီမံကိန်းရေးဆွဲသွားမည့် အခြေအနေများ၊ ဒေသတွင်း ခရီးသွားလုပ်ငန်းများ ဘက်စုံမြှင့်တင်ရေးအတွက် အာဆီယံမိတ်ဖက်အဖွဲ့အစည်းများဖြစ်သည့် အာဆီယံခရီးသွားလုပ်ငန်းအဖွဲ့၊ အာဆီယံခရီးသွားလုပ်ငန်း သုတေသနအဖွဲ့၊ အမေရိကန်- အာဆီယံစီးပွားရေးကောင်စီ၊ အာရှ-ပစိဖိတ်ခရီးသွားလုပ်ငန်းအဖွဲ့တို့နှင့် ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်နေမှု အခြေအနေများကိုဆွေးနွေးညှိနှိုင်းကြသည်။

မြန်မာနိုင်ငံအနေဖြင့် သက်ဆိုင်ရာလုပ်ငန်းကော်မတီများအလိုက် လုပ်ငန်းစီမံချက်များနှင့် ပူးပေါင်းအစီအစဉ်များအရ ဦးဆောင်နိုင်ငံများ၊ အာဆီယံမိတ်ဖက်အဖွဲ့အစည်းများနှင့် ခရီးသွားလုပ်ငန်းတွင် ပူးပေါင်းဆောင်ရွက်နေမှုများ၊ မြန်မာနိုင်ငံသို့ ၂၀၂၃ ခုနှစ်အတွင်း ခရီးသွားဧည့်သည် တိုးတက်ဝင်ရောက်မှု အခြေအနေများနှင့် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်မည့် ခရီးသွားဧည့်သည်များအတွက် ကိုဗစ်-၁၉ ဆိုင်ရာ ကန့်သတ်ချက်များ ဖြေလျှော့ပေးခဲ့မှု အခြေအနေများကို ဆွေးနွေးခဲ့သည်။

ထို့ပြင် ယခုအစည်းအဝေးနှင့် ဆက်စပ် အစည်းအဝေးများဖြစ်သည့် (၄၃) ကြိမ်မြောက် အာဆီယံအပေါင်း ၃ (တရုတ်၊ ဂျပန်၊ ကိုရီးယား) ခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့အစည်းအဝေးနှင့် (၃၀) ကြိမ်မြောက် အာဆီယံအပေါင်း အိန္ဒိယ ခရီးသွားလုပ်ငန်းအဖွဲ့အစည်းအဝေးများကို ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်းနှင့် မြန်မာကိုယ်စားလှယ် အဖွဲ့ ဆက်လက်တက်ရောက် ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ ပြင်ဦးလွင်မြို့၌ ကျင်းပသော ၂၀၂၃ ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲအခမ်းအနား တက်ရောက်

နေပြည်တော် ဇူလိုင် ၁၀

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ပြင်ဦးလွင်တပ်နယ်အရာရှိကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် မေမြို့ထင်းကြိုးဝိုင်း အကွက်အမှတ် (၁၄)၌ ကျင်းပသော ၂၀၂၃ ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို တက်ရောက်သည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးက သစ်ပင်များစိုက်ပျိုးထိန်းသိမ်းခြင်းသည် သဘာဝဘေးအန္တရာယ်များမှ ကာကွယ်ပေးခြင်း၊ သစ်တောဖုံးလွှမ်းမှုကောင်းမွန်လာပြီး ရာသီဥတု မျှတသာယာခြင်းစသည့် ပတ်ဝန်းကျင်ဆိုင်ရာဝန်ဆောင်မှုနှင့် အကျိုးကျေးဇူးများစွာ ရရှိစေမည်ဖြစ်ကြောင်း၊ ယခုနှစ်တွင် လူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်စိုက်ပျိုးပွဲ ၃၄၂ ကြိမ်၊ သစ်ပင်ပေါင်း ၂၁၀၀၀၀ ကျော် စိုက်ပျိုးခဲ့ပြီးဖြစ်ကြောင်း။

ပြင်ဦးလွင်မြို့ကို ချယ်ရီမြို့တော်ဖြစ်စေရေး ငါးနှစ်စီမံကိန်း ချမှတ်ဆောင်ရွက်လျက်ရှိသည့်အပြင် ဒေသနှင့်ကိုက်ညီသောသစ်မျိုးများ၊ ကြီးမြန်သစ်မျိုးများ၊ အရိပ်ရသစ်မျိုးများ၊ ရာသီအလိုက် ဖူးပွင့်သည့်သစ်မျိုးများနှင့် အမြဲစိမ်းသစ်မျိုးများကို ရွေးချယ်၍ စနစ်တကျ စိုက်ပျိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

သစ်ပင်များကို စိုက်ပျိုးရုံသာမဟုတ်ဘဲ ပြုစုထိန်းသိမ်းခြင်း လုပ်ငန်းများကိုလည်း ရာသီအလိုက် ဆက်လက်လုပ်ဆောင်မှသာ ရာနှုန်းပြည့် အောင်မြင်ဖြစ်ထွန်းနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် အထိမ်းအမှတ်သစ်ပင်များကို သတ်မှတ်နေရာများတွင် ဦးဆောင်စိုက်ပျိုးပေးပြီး တိုင်းဒေသကြီးဝန်ကြီးများ၊ တပ်နယ်အရာရှိကြီးများ၊ ဌာန၊ အဖွဲ့အစည်းများနှင့် ဒေသခံပြည်သူများ၏ စိုက်ပျိုးနေမှုများကို ကြည့်ရှုအားပေးကြသည်။

ယခု စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတွင် ချယ်ရီပင် ၂၀၀၀ နှင့် စိန်ပန်းပြာပင် ၁၀၀၀ ကို လူထုလှုပ်ရှားမှုအသွင်ဖြင့် စိုက်ပျိုးကြကြောင်း သိရသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံ သစ်တောကျောင်း ကျွန်းရတနာခန်းမ၌ အခြေခံသစ်တောပညာသင်တန်း အမှတ်စဉ် (၁၁၇)မှ သင်တန်းသားများနှင့် တွေ့ဆုံကာ ရေရှည်တည်တံ့စေသော သစ်တောစီမံအုပ်ချုပ်လုပ်ကိုင်မှုတွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးသည် အရေးပါသည့်အခန်းကဏ္ဍဖြစ်သည့်အတွက် အထူးလေ့လာကြိုးစားသွားကြရန်၊ လေ့ကျင့်သင်ကြားပေးခဲ့သည့် စာတွေ့လက်တွေ့ပညာရပ်များနှင့် အတွေ့အကြုံများကို ပေါင်းစပ်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အကျိုးရှိအောင် အသုံးချသွားကြရန် မှာကြားပြီး သင်တန်းသားများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပြင်ဦးလွင် ကန်တော်ကြီးအမျိုးသားဥယျာဉ်အတွင်း သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှု၊ ကန်တော်ကြီး ရေဝင်ရောက်မှုနှင့် အမျိုးသားအထိမ်းအမှတ်ဥယျာဉ်အတွင်း စိမ်းလန်းသာယာလှပရေး ဆောင်ရွက်ထားမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံ သစ်တောကျောင်း လေ့ကျင့်ရေးသစ်တောအတွင်း စိုက်ပျိုးထားသော ၂၀၂၂ မိုးရာသီ သစ်မျိုးစုံစိုက်ခင်း ရှင်သန်အောင်မြင်မှုနှင့် မေမြို့ထင်းကြိုးဝိုင်း အကွက်အမှတ်(၁၄)အတွင်း စိုက်ပျိုးထားသော ၂၀၂၁ တစ်အုပ်တစ်မချယ်ရီ စိုက်ခင်း၏ အောင်မြင်ဖြစ်ထွန်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး ရေရှည်တည်တံ့အောင် ဆက်လက်ထိန်းသိမ်းစောင့်ရှောက်သွားရန် မှာကြားသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်နှင့် မလှိုင်မြို့နယ်ရှိ မယ်ညိုတောင်ကြိုးဝိုင်းအတွင်း ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး လမ်းဘေးဝဲယာ စိမ်းလန်းစိုပြည်ရေး မိုးရာသီတစ်အုပ်တစ်မစိုက်ခင်း ဧက ၅၀ နှင့် ကိုးဧက စိုက်ခင်းများသို့ ရောက်ရှိပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားကာ စိုက်ခင်းများ ရှင်သန်မှုကို ကြည့်ရှုစစ်ဆေးသည်။

သစ်တောဦးစီးဌာနအနေဖြင့် အာဆီယံလမ်းမကြီး ငါးလမ်း၊ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးနှင့် ရထားလမ်းများတစ်လျှောက် လမ်းဘေးဝဲယာ စိမ်းလန်းစိုပြည်လှပရေးအတွက် စုစုပေါင်းမြေ ၈၃၉ ဧကတွင် သစ်ပင်ပေါင်း နှစ်သိန်းကျော် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ရိတ်သိမ်းခြွေလှေ့စက် မောင်းနှင်ပြုပြင်ထိန်းသိမ်းမှုသင်တန်း ဖွင့်လှစ်

မအူပင် ဇူလိုင် ၁၀

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့တွင် ရိတ်သိမ်းခြွေလှေ့စက် မောင်းနှင်ပြုပြင်ထိန်းသိမ်းမှု (အခြေခံ)တောင်သူသင်တန်း အမှတ်စဉ် (၂/၂၀၂၃-၂၀၂၄)ကို အမှတ်(၅)အလတ်စား စက်ပြင်အလုပ်ရုံခန်းမ၌ ယနေ့နံနက် ၁၀ နာရီက ကျင်းပသည်။

ဦးစွာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက အဖွင့်အမှာစကား ပြောကြားရာတွင် နိုင်ငံတော်၏စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သည့်နေရာတွင် စက်မှုလယ်ယာကူးပြောင်းရေးသည် မဖြစ်မနေဆောင်ရွက်ရမည့် လုပ်ငန်းစဉ်တစ်ခုဖြစ်ကြောင်း၊ လယ်ယာမြေကို ပြုပြင်သည့်အဆင့်မှ အစပြု၍ စိုက်ပျိုးခြင်း၊ ရိတ်သိမ်းခြင်း၊ ခြွေလှေ့ခြင်း၊ အခြောက်ခံခြင်းနှင့် သိုလှောင်ခြင်း အဆင့်ဆင့်ကို စက်ကိရိယာများ သုံးစွဲလုပ်ကိုင်ခြင်းကို ဆိုလိုကြောင်း၊ နိုင်ငံတော်၏ လယ်ယာထုတ်ကုန် တိုးတက်မြင့်မားရေးကို ကျေပွန်စွာထမ်းဆောင်ကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ စက်မှုလယ်ယာဦးစီးဌာနက တိုင်းဒေသကြီးဦးစီးဌာနမှူး ဦးလှထွန်းက တောင်သူများအနေဖြင့် လယ်ယာသုံးစက်ကိရိယာများကို ကျွမ်းကျင်စွာ ကိုင်တွယ်သုံးစွဲတတ်စေရန် ရည်ရွယ်ပြီး သင်တန်းများကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ ယင်းနောက် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် သင်တန်းကြီးကြပ်သူနှင့် သင်တန်းနည်းပြများအား ရင်းရင်းနှီးနှီး တွေ့ဆုံမိတ်ဆက်ပြီး စာတွေ့လက်တွေ့အသုံးချမည့် စက်ပစ္စည်းများကို ကြည့်ရှုအားပေးသည်။



အဆိုပါသင်တန်းကို ဇူလိုင် ၁၀ ရက်မှ ဩဂုတ် ၄ ရက်အထိ ၂၅ ရက်တာကာလဖြစ်ပြီး သင်တန်းသားတောင်သူဦးရေ၅၀ ခန့်အား စာတွေ့လက်တွေ့သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



ဇူလိုင် ၈ ရက်က သီပေါမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ သီပေါမြို့နယ် ပြည်သူ့ဆေးရုံဝင်းအတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။ ၂၁၀

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

# ရပ်စောက်မြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဆိုင်ရာ ငွေစာရင်းထိန်းသိမ်းနည်းသင်တန်း ဖွင့်လှစ်

ရပ်စောက် ဇူလိုင် ၁၀

ရှမ်းပြည်နယ် (တောင်ပိုင်း) ရပ်စောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာလုပ်ငန်းအဖွဲ့ဝင်များအား စီမံကိန်းဆိုင်ရာ ငွေစာရင်းထိန်းသိမ်းနည်းသင်တန်းကို ယနေ့နံနက်ပိုင်းက အဆိုပါ ဦးစီးဌာန အစည်းအဝေးခန်းမ၌ ဖွင့်လှစ်သင်ကြားပို့ချခဲ့ကြောင်း သိရသည်။



ဦးစွာ ရပ်စောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရှေးရယ်က အဖွင့်အမှာစကားနှင့် သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍စီမံကိန်းတာဝန်ခံ ဒုတိယဦးစီးမှူး ဒေါ်နီလာမွန်နှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း စီမံခန့်ခွဲမှုလုပ်ငန်းတာဝန်များ၊ စည်းကမ်းချက်များ၊ ရန်ပုံငွေများ ဆုံးရှုံးမှုမရှိစေရေးအတွက် ငွေစာရင်းထိန်းသိမ်းခြင်းနှင့် လအလိုက်ဖြည့်သွင်းရသည့် ငွေစာရင်းပုံစံများကို စာတွေ့လက်တွေ့ သင်ကြားပို့ချသည်။

အဆိုပါသင်တန်းသို့မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ကျောက်တောကျေးရွာ၊ နောင်ဖန်ကျေးရွာ၊ မြို့ဦး(၁)ကျေးရွာ၊ မြို့ဦး(၂)ကျေးရွာ၊ ပန်းကုန်းမကျေးရွာ၊ ဆူးပုတ်ကုန်းကျေးရွာ၊ တောရကျေးရွာ၊ အောင်မြေအင်းကျေးရွာ၊ သရက်သုံးပင်ကျေးရွာနှင့် ဝန်စိုကျေးရွာတို့မှ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့နှင့် ဘဏ္ဍာရေးဆပ်ကော်မတီဝင် စုစုပေါင်း ၂၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

၂၂၂

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ စစ်တွေတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်(စစ်တွေ)နှင့် နည်းပညာတက္ကသိုလ်(စစ်တွေ) ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၁၀**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်း၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ညနေပိုင်းတွင် စစ်တွေတက္ကသိုလ်သို့ရောက်ရှိပြီး မိုခါမုန်တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့ရသည့် စာသင်ဆောင်၊ ဆရာဆောင်နှင့် ကျောင်းသားဆောင်များ ပြန်လည်ပြုပြင်တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးကာ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မိမိတို့ဒေသ၊ မိမိတက္ကသိုလ်၊ မိမိပြည်နယ်နှင့် မိမိနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအခြေခံသည် ပညာရေးပင်ဖြစ်ကြောင်း၊ ပညာကို အမှန်တကယ်တတ်မြောက်မှသာ မိမိတို့ရည်မှန်းချက်များကို အောင်မြင်စေမည်ဖြစ်ကြောင်း၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ပညာသင်ကြားနေမှု အဆင်ပြေချောမွေ့စေရေးနှင့် ပညာသင်ယူမှုအခွင့်အလမ်း အပြည့်အဝရရှိစေရေးတို့ကို ဆရာ ဆရာမများအားလုံး ဝိုင်းဝန်းဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း မှာကြားပြီး စာသင်ခန်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ကွန်ပျူတာတက္ကသိုလ်(စစ်တွေ)နှင့် နည်းပညာတက္ကသိုလ်(စစ်တွေ) တို့သို့ရောက်ရှိပြီး ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခဌာနမှူးများ၊ ဆရာ ဆရာမများနှင့်တွေ့ဆုံကာ မုန်တိုင်းဒဏ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသည့် ကျောင်းဆောင်၊ စာသင်ဆောင်များ ပြန်လည်တည်ဆောက်ပြီးစီးမှုနှင့် တက္ကသိုလ်များ၌ တက္ကသိုလ်ကျောင်းသား ကျောင်းသူများ တက်ရောက်ပညာသင်ကြားနေမှုများကို ဆွေးနွေးမှာကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အမှတ်(၉) အခြေခံပညာ အလယ်တန်းကျောင်း ယာယီစာသင်ဆောင် တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းအောင်မြင်သည့် ဝန်ထမ်းသားသမီးများအား ပညာရည်ချွန်ဆုချီးမြှင့်

**နေပြည်တော် ဇူလိုင် ၁၀**

ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးမှ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်း အောင်မြင်သည့် ဝန်ထမ်းသားသမီးများအား ပညာရည်ချွန်ဆု ချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အဆိုပါရုံး နဝရတ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စု စာရင်းစစ်ချုပ် ဦးတင်ဦး၊ ဒုတိယ စာရင်းစစ်ချုပ်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းသားမိဘများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။




အခမ်းအနားတွင် ပြည်ထောင်စု စာရင်းစစ်ချုပ်က တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့သည့် ဝန်ထမ်း သားသမီးများ၏ ကြိုးစားအားထုတ်မှုကို အသိအမှတ်ပြုပြီး နိုင်ငံအတွက် ပညာရည်ပြည့်ဝသည့် မျိုးဆက်သစ်လူငယ်များ ပိုမိုပေါ်ထွန်းလာစေရန် ရည်ရွယ်၍ ယခုကဲ့သို့ ချီးမြှင့်ဂုဏ်ပြုခြင်း ဖြစ်ပါကြောင်း၊ ပညာပြည့်ဝနေလုံးလှမှသာ တွေ့ကြုံလာရသည့် အခက်အခဲများ၊ အမှုကိစ္စများကို ကောင်းမွန်စွာ ဖြေရှင်းဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း။

ထို့ကြောင့် မိဘများအနေဖြင့် ပညာ၏အရေးပါမှုကို သိရှိနားလည်ပြီး သားသမီးများကို ပညာအမွေပေးခြင်းဖြင့် မိဘထက်သာလွန်သည့် သားသမီးများ ဖြစ်စေရေး ပြုစုပျိုးထောင်ပေးကြစေလိုပါကြောင်း၊ ထို့ပြင် ပညာရည်မြင့်မားပြီး ကိုယ်ကျင့်တရားကောင်းမွန်စေရေးအတွက်လည်း အလေးထား၍ သွန်သင်ဆုံးမလမ်းညွှန် ပေးကြရမည်ဖြစ်ကြောင်း၊ သားသမီးများအနေဖြင့်လည်း လက်ရှိအောင်မြင်မှုမှသည် နိုင်ငံမှအားထားရသည့် အသိပညာရှင်၊ အတတ်ပညာရှင်အဆင့်အထိ လျှောက်လှမ်းနိုင်ရန် အစဉ်တစိုက် ကြိုးစားအားထုတ်သွားရန် လိုအပ်ကြောင်း၊ တာဝန်ရှိသူများကလည်း တက္ကသိုလ်ဝင်တန်း အောင်မြင်သည့် မိမိတို့၏တပည့်ဝန်ထမ်းငယ်များ၏ ပညာရေးခရီး ဆုံးခန်းတိုင်အောင် ဆက်လက်ဆည်းပူးနိုင်ရေး အားပေးကူညီပံ့ပိုးပေးကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စု စာရင်းစစ်ချုပ်၊ ဒုတိယစာရင်းစစ်ချုပ်၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ် များက ငါးဘာသာဂုဏ်ထူးရှင် သုံးဦး၊ လေးဘာသာဂုဏ်ထူးရှင် တစ်ဦး အပါအဝင် ဂုဏ်ထူးဖြင့် အောင်မြင်သူ ၁၇ ဦး၊ ဝန်ထမ်းငယ် ငါးဦး အပါအဝင် ရိုးရိုးအောင်မြင်သူ ၂၂ ဦးတို့ကို ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ယနေ့အခမ်းအနားတွင် ၂၀၂၂ - ၂၀၂၃ ပညာသင်နှစ်အတွက် ရုံးချုပ်၊ တိုင်းဒေသကြီး/ပြည်နယ် စာရင်းစစ်ချုပ်ရုံးများနှင့် ဒေသစာရင်းစစ်ရုံးများမှ ဝန်ထမ်းသားသမီးများဖြစ်သည့် တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူးဖြင့် အောင်မြင်သူ ၁၇ ဦးနှင့် ရိုးရိုးအောင်မြင်သူ ၂၂ ဦးတို့အား ဂုဏ်ပြုချီးမြှင့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ရခိုင်ပြည်နယ် ညွှန်ကြားရေးမှူးရုံး မိုခါမုန်တိုင်းကြောင့်ပျက်စီးမှုနှင့် ပြန်လည်ပြုပြင်ပြီးစီးမှု ကြည့်ရှုစစ်ဆေး

**စစ်တွေ ဇူလိုင် ၁၀**

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်သည် ယနေ့မွန်းလွဲပိုင်းတွင် ရခိုင်ပြည်နယ် ညွှန်ကြားရေးမှူးရုံးသို့ ရောက်ရှိပြီး မိုခါမုန်တိုင်းကြောင့် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် ရုံးအဆောက်အအုံအား ယာယီအမိုးနှင့် အခြားပြင်ဆင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။



ထို့နောက် ရခိုင်ပြည်နယ် ညွှန်ကြားရေးမှူးရုံးမှ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ တိုင်းရင်းသားရေးရာ ကိစ္စရပ်များကို အထူးအလေးထား ကျေပွန်စွာ ထမ်းဆောင်ကြရန်၊ ဝန်ထမ်းများအနေဖြင့် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ နိုင်ငံ့တာဝန်ကို ဝန်ထမ်းကောင်းပီသစွာ ကြိုးစားဆောင်ရွက်ကြရန်၊ လုံခြုံရေးကိစ္စရပ်များကို အထူးဂရုပြုကြရန်နှင့် ရခိုင်ပြည်နယ်ရှိ တိုင်းရင်းသားများအား ပြည်ထောင်စုစိတ်ဓာတ်ခိုင်မာစေရေး ဦးတည်ထား၍ ပြည်နယ်အစိုးရအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် မှာကြားသည်။

**သတင်းစဉ်**

# လှည်းကူးမြို့နယ်၌ စိုက်ပျိုးရေးနည်းပညာပေးခြင်းနှင့် မြေဩဇာလက်တွေ့ပြုလုပ်နည်းသင်တန်း ဖွင့်လှစ်

**လှည်းကူး ဇူလိုင် ၁၀**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော အသက်မွေးဝမ်းကျောင်းအထောက်အကူပြု စိုက်ပျိုးရေးနည်းပညာပေးခြင်းနှင့် မြေဩဇာ လက်တွေ့ပြုလုပ်နည်းသင်တန်းကို လှည်းကူးမြို့နယ် ရဲမွန်ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ယနေ့နံနက် ၁၀ နာရီက ဖွင့်လှစ်သည်။

ဦးစွာ လှည်းကူးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစောဘသိန်း၊ မြို့နယ်ဦးစီးမှူး ဒေါ်သန္တာစိုးတို့က သင်တန်းဖွင့်လှစ်ရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးစန်းအောင်က သင်ကြားမည့်ဘာသာရပ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို ဇူလိုင် ၁၀ ရက်မှ ၁၄ ရက်ထိ ငါးရက်ကြာ သင်ကြားပေးသွားမည်ဖြစ်ပြီး မျိုးကောင်းမျိုးသန့်ထုတ်လုပ်ခြင်း၊ မြေဆီလွှာပြုပြင်ထိန်းသိမ်းခြင်း၊ သီးနှံကာကွယ်ခြင်း၊ သီးနှံစိုက်ပျိုးထုတ်လုပ်ခြင်း၊ မှိုစိုက်ပျိုးထုတ်လုပ်ခြင်း စသည့်ဘာသာရပ်ငါးမျိုးကို သင်တန်းနည်းပြဆရာ လေးဦးဖြင့် ရဲမွန်ကျေးရွာ၊ ကညင်ကျေးရွာအနီးရှိ ပတ်ဝန်းကျင်ကျေးရွာများမှဒေသနေပြည်သူ ၂၀ အား စာတွေ့လက်တွေ့ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဉာဏ်ဟိန်း**

# ပညာရည်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် ဇူလိုင် ၁၀**

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက်ရှိ ပညာကျောင်းများ၏ ပညာရည်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဇေယျာသီရိမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း (နေပြည်တော်)ရှိ အားကစားခန်းမ၌ပြုလုပ်ရာ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး၊ ညွှန်ကြားရေးမှူး ဗိုလ်ချုပ် ဇော်မင်းထွန်းနှင့် တာဝန်ရှိသူများ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ တပ်မတော်ပညာရေးကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် ကျောင်းအုပ်ချုပ်မှု တာဝန်ခံအရာရှိများ၊ ဆရာ ဆရာမများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



ဦးစွာ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး၊ ညွှန်ကြားရေးမှူး ဗိုလ်ချုပ် ဇော်မင်းထွန်းက အမှာစကားပြောကြားရာတွင် အခြေခံပညာကျောင်းများသည် လူ့အသိုက်အဝန်းတစ်ရပ်၏ အဓိကအရင်းအမြစ်ဖြစ်သော အသိပညာစွမ်းအား၊ အတတ်ပညာစွမ်းအား၊ အတွေးအခေါ်စွမ်းအား စသည့် ကဏ္ဍကြီး (၃) ရပ်ကို ထုဆစ်ပုံဖော်ပေးနေသည့် ဌာနများဖြစ်ကြောင်း၊ စည်းလုံးညီညွတ်ခြင်း၊ စည်းကမ်းကောင်းမွန်ခြင်း၊ တာဝန်သိတတ်ခြင်း၊ တိုင်းချစ်၊ ပြည်ချစ်စိတ်၊ နိုင်ငံချစ်စိတ် ပြည့်ဝခြင်းစသည့် အချက်များသည် မိမိတို့နိုင်ငံ အနာဂတ်နှင့် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအပေါ် တိုက်ရိုက်သက်ရောက်စေသည့် အခြေခံကောင်းများ ဖြစ်ကြောင်း၊ ပညာရည်မြင့်မားစေရေးနှင့် ၎င်းအချက်များ ပြည့်စုံစေရေး ဆောင်ရွက်သင့်၊ ဆောင်ရွက်ထိုက်သည့် အချက်အလက်များကို ဝိုင်းဝန်းဖော်ထုတ်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ယခုအလုပ်ရုံဆွေးနွေးပွဲကို ပြုလုပ်ခြင်းဖြစ်ကြောင်း၊ ပညာရေးကျောင်းများနှင့် တပ်မတော်အခြေခံပညာကျောင်းများ၏ အားသာချက်/အားနည်းချက် အသီးသီးအပေါ်တွင် လက်တွေ့ကျကျ သုံးသပ်အဖြေရှာပြီး အပြုသဘောဆောင်သည့် အကြံပြုချက်များ ပြုပေးစေလိုကြောင်း ပြောကြား သည်။ ထို့နောက် ပညာရေးဝန်ကြီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ်(စီမံ) ဦးကျော်ဆွေက နှုတ်ခွန်းဆက် အမှာစကားပြောကြားသည်။

ဆက်လက်၍ အခြေခံပညာကျောင်းများ၌ နိုင်ငံတော်အလံအလေးပြုခြင်း၊ နိုင်ငံတော်သီချင်း သီဆိုခြင်းများဖြင့် ကျောင်းသား ကျောင်းသူများ၏ စိတ်တွင် တိုင်းချစ်စိတ်၊ ပြည်ချစ်စိတ်၊ မျိုးချစ်စိတ်များ ကိန်းအောင်းစေနိုင်သောကြောင့် နေ့စဉ်ပြုလုပ်ရန် လိုအပ်ပြီး ကျောင်းအားလုံး အလေးထားလိုက်နာစေရေး ဆောင်ရွက်မည့်အခြေအနေ၊ ပညာသင်နှစ်အတွက်သင်ကြားရေးဆိုင်ရာ တာဝန်များကို ကျောင်းမဖွင့်မီ ကြိုတင်ဆောင်ရွက်ရသည့်အတွက် သင်ကြားရေးဝန်ထမ်းများ၏ အပြောင်းအရွှေ့ကိစ္စများကို ကျောင်းမဖွင့်မီ ဧပြီလ(သို့မဟုတ်) မေလ အတွင်း ဆောင်ရွက်ပေးနိုင်မှုနှင့် အလယ်တန်းနှင့် အထက်တန်း တွဲဖက်သင်ရိုးဝင် ဘဝတွက်တာကျွမ်းကျင်စရာ သင်ခန်းစာစာအုပ်များ ရရှိရေး ဆောင်ရွက်မည့်အခြေအနေ၊ KG + 12 (5+4+3) စနစ်သစ်ပညာရေးအား လက်ရှိပညာသင်နှစ်တွင် အတန်းစုံ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီးဖြစ်သဖြင့် မူလတန်း၊ အလယ်တန်း၊ အထက်တန်းများ၏ အတန်းပြီးမြောက်မှု စာမေးပွဲများစစ်ဆေးမှု၊ လက်မှတ်များထုတ်ပေးမှုနှင့် တက္ကသိုလ်များ၊ အသက်မွေးဝမ်းကျောင်းပညာများ ဆက်လက်သင်ယူနိုင်မည့်အခြေအနေ၊ စနစ်သစ် Grade–10, Grade–11, Grade–12 သင်ခန်းစာများသည် level တစ်ခု အနေဖြင့် မြင့်မားသည့်အတွက် Grade–9 စာမေးပွဲ အစိုးရစစ်အတွက် စာမေးပွဲစစ်ဆေးခြင်းနှင့် အတန်းကူးပြောင်းပေးခြင်း မူဝါဒကို ပြောင်းလဲခြင်း ရှိ/မရှိ အခြေအနေ၊ ၂၀၂၃–၂၀၂၄ ပညာသင်နှစ် Grade–12 စာမေးပွဲ စစ်ဆေးရေးဆိုင်ရာ အချက်အလက်များနှင့် အဆင့်သတ်မှတ်ချက်များအရ တက်ရောက်ရမည့် တက္ကသိုလ်၊ ကောလိပ်များနှင့် အောင်/ရှုံး သတ်မှတ်မှုအခြေအနေ စသည့် ခေါင်းစဉ်များအလိုက် အကျယ်တဝင့်ဆွေးနွေးကြရာ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ် ဇော်မင်းထွန်းက နိဂုံးချုပ်အမှာစကားပြောကြားပြီး တက်ရောက်ဆွေးနွေးပေးခဲ့သည့် ပညာရေးဝန်ကြီးဌာနမှဆရာ ဆရာမများအား ကျေးဇူးတင်ရှိပါကြောင်းနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ကာ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## နွားမွေးမြူရေးလုပ်ငန်း ဆောင်ရွက်မည့် သမဝါယမအသင်းသို့ ပံ့ပိုးချေးငွေများ ထုတ်ချေး

**မော်လမြိုင် ဇူလိုင် ၁၀**

မွန်ပြည်နယ် မော်လမြိုင်မြို့တွင် ပေါင်မြို့နယ် တက်လန်း နွားမျိုးကောင်းမျိုးသန့် မွေးမြူရေးနှင့် ဝယ်ယူရောင်းချရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်သို့ ပံ့ပိုးချေးငွေများ ထုတ်ချေးပေးအပ်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက မွန်ပြည်နယ် သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်နယ်သမဝါယမဦးစီးဌာနမှ ညွှန်ကြားရေးမှူးက အမှာစကားပြောကြားသည်။



ထို့နောက် ပြည်နယ်သမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌက ပံ့ပိုးချေးငွေပေးအပ်ခြင်း လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခဲ့ပြီး ပေါင်မြို့နယ် တက်လန်း နွားမျိုးကောင်းမျိုးသန့် မွေးမြူရေးနှင့် ဝယ်ယူရောင်းချရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်သို့ နွားမွေးမြူရေးလုပ်ငန်းအတွက် နွားစာ၊ ဆေးဝါးနှင့် နွားခြံပြုပြင်တည်ဆောက်ရာတွင် လိုအပ်မည့် မတည်ပံ့ပိုးငွေကျပ်သိန်း ၃၀၀ အား Pilot အနေဖြင့် ပြည်နယ်သမဝါယမအသင်းစုချုပ်မှ အသင်းအချင်းချင်း ပံ့ပိုးမှုအဖြစ် ထုတ်ချေးပေးအပ်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် ဇူလိုင် ၁၀**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင်FM၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"ရန်ကုန်–မော်လမြိုင်သွား ပြည်ထောင်စုလမ်းမပေါ်ရှိ ကျုံအိတ်တံတားအား KNLAအဖွဲ့မှ အကြမ်းဖက်မှုလိုလားသူများနှင့် PDF အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီး"**ခေါင်းစဉ်ဖြင့် ဇူလိုင် ၁၂ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့မွန်းလွဲ ၁ နာရီတွင် **"အရာတော်မြို့နယ် ငွေတွင်းကျေးရွာအတွင်းသို့ PDF အမည်ခံ အကြမ်းဖက်သမားများက လက်လုပ်စိန်ပြောင်းများဖြင့် လာရောက်ပစ်ခတ်မှုကြောင့် သံဃာတော် သုံးပါး ထိခိုက်ဒဏ်ရာရရှိပြီး အပြစ်မဲ့ဒေသခံပြည်သူ ၁၅ ဦးသေဆုံးခဲ့သည့်ဖြစ်စဉ်"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်း ၀၉–၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရန် တိုက်တွန်းနိုးဆော်

ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ကိုဗစ်–၁၉ ရောဂါ ကူးစက်မှုနှင့် ပြင်းထန်မှုတို့ကို လျော့နည်းစေနိုင်ခြင်း(အထူးအားဖြင့် နာတာရှည်ရောဂါ ခံစားနေရသူများနှင့် သက်ကြီးရွယ်အိုများ)၊ ရောဂါ၏ နောက်ဆက်တွဲပြဿနာဖြစ်သည့် ကိုယ်တွင်းအင်္ဂါများ ထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ်ဆုံးရှုံးမှုဖြစ်သည်အထိ ဖြစ်ပေါ်ခြင်းမှ လျှော့ချနိုင်ခြင်းတို့ကြောင့် အသက်(၅) နှစ်နှင့်အထက်ရှိသော ပြည်သူလူထုအားလုံးသည် နီးစပ်ရာကျန်းမာရေးဌာနများနှင့် ဆက်သွယ်၍ ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး (ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ထပ်ဆောင်းကာကွယ်ဆေး)များကို မဖြစ်မနေ သွားရောက်ထိုးနှံပါရန် အသိပေးနိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ဓာတ်ခွဲနမူနာစုစုပေါင်း ၇၅၄၅ ခု စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၄၄ ဦး တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**
**(၁၀-၇-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၉–၇–၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၀–၇–၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၇,၅၄၅) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၄၄) ဦး တွေ့ရှိရသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၅၈) ရာခိုင်နှုန်း ရှိသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၉၁၇,၇၉၂) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၄၀,၈၀၃) ဦး ရှိပြီဖြစ်သည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၁) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၉,၅၈၈) ဦး ရှိပြီဖြစ်သည်။ ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၄) ဦး ရှိသည်။

ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

# ကပ်ဆိုးဘေးဆိုး ကျော်လွှားရေး

မြတ်ဟိန်း

ယနေ့ ကမ္ဘာ့နေရာတော်တော်များများတွင် လုံခြုံရေးမတည်ငြိမ်မှုများဖြစ်နေသည်ကို တွေ့မြင်နေရသည်။ အင်အားကြီးနိုင်ငံများအချင်းချင်း ပြိုင်ဆိုင်မှုများကြောင့် အထူးသဖြင့် နိုင်ငံငယ်လေးများတွင် မတည်ငြိမ်မှုများဖြစ်ပေါ်လျက်ရှိသည်။ ယူကရိန်းနိုင်ငံတွင် စစ်ပွဲဖြစ်ပွားနေသည်။ တောင်တရုတ်ပင်လယ်ဒေသတွင်လည်း မငြိမ်သက်မှုများ တွေ့မြင်နိုင်သည်။ စစ်ပွဲများမဖြစ်စေရေး၊ တည်ငြိမ်မှုရှိစေရေးအတွက် ကြိုးပမ်းမှုများရှိသလို အခြေအနေပိုမိုတင်းမာစေရန် နောက်ကွယ်မှ လှုံ့ဆော်သွေးထိုးမှုများ ပြုလုပ်နေသည်ကိုလည်း တွေ့ရသည်။ ထို့ပြင် သမားရိုးကျမဟုတ်သော လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုများကိုလည်း ပိုမိုတွေ့ရှိလာရသည်။ အကြမ်းဖက်မှုများ၊ ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါများနှင့် ကူးစက်ရောဂါများ ပျံ့နှံ့ဖြစ်ပွားမှုများ၊ သဘာဝဘေးအန္တရာယ်များ၊ ရာသီဥတုပြောင်းလဲဖောက်ပြန်မှုများ စသည်ဖြင့်အခါအားလျော်စွာ ကြုံတွေ့နေရသည်။

### ကိုဗစ်-၁၉ ကူးစက်ရောဂါပိုး

၂၀၁၉ ခုနှစ် နှစ်ကုန်ပိုင်းမှစတင်၍ ကိုဗစ်-၁၉ ကူးစက်ရောဂါပိုး စတင်ဖြစ်ပွားပြီး ကမ္ဘာ့နေရာဒေသအနှံ့အပြားသို့ လျင်မြန်စွာကူးစက်ပြန့်ပွားခဲ့သည်။ အလွန်ပြင်းထန်သည့် ကူးစက်ရောဂါဖြစ်သည်။ ယင်းရောဂါကြောင့် လူ့အသက်ပေါင်းမြောက်မြားစွာ သေကျေပျက်စီးရသည်။ ကူးစက်ပြန့်ပွားမှုကို တားဆီးရန်အတွက် တစ်နိုင်ငံနှင့်တစ်နိုင်ငံ၊ ဒေသတစ်ခုမှ ဒေသတစ်ခုသို့ ခရီးသွားလာခြင်းများ ပိတ်လိုက်ရသည်။ ခရီးသွားလုပ်ငန်းများလည်း ရပ်တန့်သွားသည်။ ကုန်စည်ရောင်းဝယ်မှုများလည်း နှောင့်နှေးသွားသည်။ စီးပွားရေးများလည်း ကျဆင်းကုန်သည်။ လူများသည်လည်း စိုးရိမ်စိတ်များဖြင့် နေထိုင်ရလျက်ရှိသည်။ ဆေးဝါးများကောင်းမွန်မှုနှင့် အစိုးရ၊ ကျန်းမာရေးဝန်ထမ်းတို့၏ ကာကွယ်စောင့်ရှောက်မှုများကြောင့် သေပျောက်နှုန်းလျော့ကျပြီး ထိန်းချုပ်နိုင်ခဲ့သည်။ သို့သော် လုံးဝကင်းကင်းရှင်းရှင်းပျောက်သွားသည်တော့ မဟုတ်ဘဲ မျိုးဆက်ကွဲပိုးများ ရံဖန်ရံခါဖြစ်ပွားလျက်ရှိသေးသည်။ ထို့ပြင် တချို့သောနိုင်ငံများတွင် မိုးခေါင်ရေရှားမှုကြောင့် စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်၍မရတော့ဘဲ အစာရေစာရှားပါးကာ ငတ်မွတ်ခေါင်းပါးမှုများ ကြုံတွေ့ရသည်။ အချို့သောနိုင်ငံများတွင် ရေလွှမ်းမိုးမှုကြောင့် လူအများ ဒုက္ခရောက်ကြရသည်လည်းရှိသည်။

မြန်မာနိုင်ငံတွင်လည်း ၂၀၂၀ ပြည့်နှစ် နှစ်ဆန်းပိုင်းလောက်မှစတင်ကာ ကိုဗစ်-၁၉ ကူးစက်ရောဂါပိုး စတင်ပျံ့နှံ့ဝင်ရောက်လာခြင်းကြောင့် လူအမြောက်အမြားသေကျေခဲ့ကြရသည်။ ကပ်ရောဂါဟုဆိုရမည်ဖြစ်သည်။ ထို့ပြင် ၂၀၂၁ ခုနှစ်တွင် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲမဲမသမာမှုများကြောင့် တပ်မတော်က နိုင်ငံတော်တာဝန်ကို ထိန်းသိမ်းရသည့်ကာလ၌ မကျေနပ်မှုများကို အကြောင်းပြကာ လူထုဆန္ဒပြမှုများမှတစ်ဆင့် ဆူပူသောင်းကျန်းမှုများ၊ အကြမ်းဖက်သတ်ဖြတ်မှုများ ဖြစ်ပွားလာသည်။ ယနေ့တိုင် အကြမ်းဖက်အဖွဲ့အစည်းများဖြစ်သည့် NUG၊ CRPH နှင့် ၎င်းတို့၏ လက်အောက်ခံ PDF များ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် အပြစ်မဲ့ပြည်သူများစွာ ရက်ရက်စက်စက်သတ်ဖြတ်ခြင်းခံနေရသည်။

**နိုင်ငံတော်ပိုင်အဆောက်အအုံများ၊ တံတားများ၊ လျှပ်စစ်မီးတာဝါတိုင်၊ ဆက်သွယ်ရေးတာဝါတိုင်များ ဖျက်ဆီးခြင်းခံရသည်။ အပြစ်မဲ့ပြည်သူတို့ကို အကြောင်းအမျိုးမျိုးဖြင့် စွပ်စွဲပြီး ရက်စက်စွာ သတ်ဖြတ်ကြသည်။ ရဟန်းသံဃာများကိုပင် သတ်ဖြတ်သည့်ဖြစ်စဉ်များရှိလာသည်။ ပြည်သူလူထုမှာလည်း ထိတ်လန့်စွာ စိုးရိမ်စိတ်ဖြင့် သွားလာလုပ်ကိုင်နေကြရသည်။ နိုင်ငံအတွင်း စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍအားလုံး အဆင်မပြေဖြစ်ကြရသည်။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအနှောင့်အယှက်ဖြစ်သလို ကမ္ဘာ့အလယ်တွင် နိုင်ငံတော်နှင့် လူမျိုးအတွက်လည်း အရှက်ရဖွယ်ဖြစ်သည်။ ထိုသို့သောအခြေအနေမျိုးကို ကပ်ဆိုက်သည်၊ ကပ်ဘေးသင့်သည်ဟု ဆိုကြသည်လည်းရှိသည်။**

### ဘေးအန္တရာယ်ကြုံတွေ့နေရသည့် အချိန်အတိုင်းအတာတစ်ခု

ဗုဒ္ဓမြတ်စွာဘုရား၏ ဟောကြားချက်များအရ ထိုသို့သောကပ်ဆိုးဘေးဆိုးမျိုးသည် ရှေးယခင်ကတည်းကလည်း ဖြစ်ပေါ်ဖူးကြောင်း ကြားနာရသည်။ ဆရာတော်ကြီးများ၏ တရားတော်များမှ တစ်ဆင့် နာယူမှတ်သားမိခြင်းဖြစ်သည်။ ကပ်ဆိုသည်မှာ ပါဠိဘာသာစကားမှ ရယူထားခြင်းဖြစ်ပြီး ဘေးအန္တရာယ်ကြုံတွေ့နေရသည့် အချိန်အတိုင်းအတာတစ်ခုဟု အဓိပ္ပာယ်ရသည်။ ဘုရားရှိခိုးသည့်အခါတွင်လည်း အပါယ်လေးပါး၊ ကပ်သုံးပါး၊ ရပ်ပြစ်ရှစ်ပါး၊ ရန်သူမျိုးငါးပါး၊ ဝိပတ္တိတရားလေးပါး၊ ဗျသနတရားငါးပါး စသည်တို့မှ ကင်းလွတ်ပါစေကြောင်း ဆုတောင်းကြသည်။ ငယ်စဉ်ကတည်းကပင် လူကြီးမိဘများ၏ ဆုံးမပြောဆိုမှုများကြောင့် စစ်ပွဲများဖြစ်ပွား၍ လက်နက်အန္တရာယ်ဖြင့် သေကျေပျက်စီးခြင်း - သတ္ထန္တရကပ်၊ အစာရေစာငတ်မွတ်ခေါင်းပါး၍ သေကျေပျက်စီးရခြင်း - ဒုဗ္ဘိက္ခန္တရကပ်၊ ရောဂါထူပြောပြီး ကူးစက်၍ သေကျေပျက်စီးရခြင်း - ရောဂန္တရကပ်ဟူ၍လည်း ကြားနာမှတ်သားရသည်။

> **ဗုဒ္ဓဘာသာဝင်တို့အနေဖြင့် ဗုဒ္ဓမြတ်စွာဘုရား၏ အဆုံးအမအတိုင်း လိုက်နာကျင့်ကြံနေထိုင်ခြင်းဖြင့်လည်း တစ်ဖက်တစ်လမ်းမှ ကပ်ဆိုး၊ ဘေးဆိုး အန္တရာယ်ကို ကာကွယ်တားဆီးကျော်လွှားနိုင်မည်ဟု ယုံကြည်ပါသည်။ မြတ်စွာဘုရားသည် လူသားတို့၏ လက်ရှိဘဝအကျိုး၊ တမလွန်ဘဝအကျိုး၊ နိဗ္ဗာန်ရရှိစေရေးအကျိုးတို့အတွက် တရားတော်များဟောကြား၍ သွန်သင်ဆုံးမပေးထားသည်။ အခြေအနေကောင်းများ လမ်းဖွင့်ပေးထားသည်။ ကောင်းကျိုးတရားရရှိစေရန် လုပ်ဆောင်ရမည့် နည်းလမ်း၊ ရှောင်ကြဉ်ရမည့် နည်းလမ်းများကို ဟောပြောဆုံးမထားသည်။ လူသားတို့အနေဖြင့် တစ်ဦးချင်း ကိုယ်စီ ကိုယ်တိုင်ကြိုးစားလိုက်နာ ကျင့်ကြံမှသာ ကောင်းကျိုးရရှိနိုင်မည်ဖြစ်**

မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်ကာလ ဝေသာလီပြည်တွင် ကပ်ကြီးသုံးပါး ကြုံတွေ့ခဲ့ရသည်ကို ဟောကြားထားသည်။ ဝေသာလီပြည်တွင် မိုးခေါင်ရေရှားသည့် ရာသီဥတုဒဏ်ကြောင့် ကောက်ပဲသီးနှံများ စိုက်ပျိုး၍မရသည့်အခြေအနေ ကြုံတွေ့ရသည်။ ထို့ကြောင့် အစာရေစာရှားပါးပြီး စားရေရိက္ခာပြတ်လပ်ကာ အစာရေစာငတ်မွတ်မှုဒဏ်ခံကြရသည်။ ဒုဗ္ဘိက္ခန္တရကပ်ဖြစ်သည်။ အစာရေစာငတ်မွတ်မှုကြောင့် လူအများမှာ အာဟာရမပြည့်ဝသဖြင့် အနာရောဂါများဖြစ်ပွားကြသည်။ တစ်ဦးမှတစ်ဦး ရောဂါများကူးစက်ပြန့်ပွားကြသည်။ ရောဂါမှာလည်း ပြင်းထန်သဖြင့် သတ္တဝါများ သေကျေပျက်စီးမှုဖြစ်ကြသည်။ ရောဂန္တရကပ်ဖြစ်သည်။ ရှေးယခင်ကာလများကလည်း အဟိဝါတရောဂါမျိုးဖြစ်ပွားသည်ဟု ဓမ္မပဒဝတ္ထုများတွင် ဆိုထားသည်။

အဟိဝါတရောဂါသည် မည်သည့်ရောဂါဟု အတိအကျမဆိုထားသော်လည်း အလွန်ပြင်းထန်၍ ကူးစက်မြန်သောရောဂါတစ်မျိုးဟု အဓိပ္ပာယ်ဖွင့်ထားသည်။ ထိုသို့ လူအများသေဆုံးမှုကို အကြောင်းပြု၍ မကောင်းဆိုးဝါးများ ဝင်ရောက်လာကာ ရောဂါများ ပိုမိုကူးစက်ပြန့်ပွားအောင် လုပ်ကြသည်။ လူအများ ပို၍အတိဒုက္ခရောက်ကြသည်။ အမနုဿန္တရကပ်ဖြစ်သည်။ ထို့ကြောင့် လွန်ခဲ့သောနှစ်ပေါင်းနှစ်ထောင့်ငါးရာကျော် မြတ်စွာဘုရားရှင် သက်ရှိထင်ရှားရှိစဉ်ကာလ ဝေသာလီပြည်တွင် ဒုဗ္ဘိက္ခန္တရကပ်၊ ရောဂန္တရကပ်နှင့် အမနုဿန္တရကပ် စသော ကပ်ကြီးသုံးပါး ကြုံတွေ့ခဲ့ရသည်ဟု မှတ်သားရသည်။

### လွန်ခဲ့သောနှစ်ပေါင်း နှစ်ထောင့်ငါးရာကျော်

သုတ္တန်တစ်ခုတွင်မူ မြတ်စွာဘုရား ဟောကြားထားသည်မှာ လောကတွင် လူသားများသည် လက်နက်အသစ်အဆန်းများ တီထွင်လာကြပြီး တစ်ဦးကိုတစ်ဦး သတ်ဖြတ်ကြမည်ဟု ဟောထားသည်။ လွန်ခဲ့သောနှစ်ပေါင်း နှစ်ထောင့်ငါးရာကျော်က ဟောကြားထားချက်ဖြစ်သည်။ ဘာကြောင့်ဖြစ်ရသည်ဆိုသည်ကိုလည်း ဟောပြထားသည်။ လောကတွင် လူသားများသည် အဓမ္မရာဂ၊ ဝိသမလောဘ၊ မိစ္ဆာဓမ္မတည်းဟူသော ကာမဂုဏ်အာရုံနှင့် ပတ်သက်၍ လွန်ကျူးစွာမှားယွင်းမှုကြောင့်ဟု ဟောထားသည်။ အဓမ္မရာဂဆိုသည်မှာ တရားမဲ့ တပ်မက်မှုကိုဆိုလိုသည်။ ကာမဂုဏ်နှင့်ပတ်သက်၍ သားက အမေအပေါ်၊ အမေက သားအပေါ်၊ အဖေက သမီးအပေါ်၊ မောင်နှမအချင်းချင်းအပေါ် ကိလေသာစိတ်များ ပေါ်ပေါက်ကျူးလွန်ကြသည်။ ယုတ်ညံ့သည့်စိတ်များ လွှမ်းမိုးလာသည်။ ဝိသမလောဘဆိုသည်မှာ ကာမဂုဏ်အာရုံစိတ်များ သာမန်ထက် လွန်ကဲမှုဟုဆိုသည်။ မိစ္ဆာဓမ္မဆိုသည်မှာ မှားယွင်းသည့်အကျင့် ဥပမာ - လိင်တူဆက်ဆံမှုမျိုးကိုဆိုလိုသည်။ ယနေ့ခေတ်တွင်လည်း ကာမဂုဏ်ဖောက်ပြန်မှုနှင့်ပတ်သက်၍ သတင်းများ ကြားသိမြင်တွေ့နေရသည်။ လူမှုကွန်ရက်များတွင် ကာမရာဂစိတ်နှိုးကြွစေသည့် ဆေးပစ္စည်းများ ပေါ်ပေါ်ထင်ထင် ကြော်ငြာရောင်းချနေသည်များလည်း တွေ့ရသည်။

မြတ်စွာဘုရားက ထိုသို့သော အဓမ္မရာဂ၊ ဝိသမလောဘ၊ မိစ္ဆာဓမ္မ စသည်တို့လွှမ်းမိုးလာမှုကြောင့် လူတို့၏စိတ်များ ဖောက်ပြန်လာမည်။ အငြိုးအတေးမုန်းတီးမှုများ များပြားလာကြမည်။ ထိုအခါ လက်နက်အသစ်အဆန်းများ တီထွင်ပြီး တစ်ဦးကိုတစ်ဦး သတ်ကြဖြတ်ကြမည်ဟု ဟောကြားခဲ့သည်။ ယနေ့ခေတ်တွင် နည်းပညာတိုးတက်မှုနှင့်အတူ လူအမြောက်အမြား သေကျေစေနိုင်သော လက်နက်ပစ္စည်းများ အပြိုင်အဆိုင်ထုတ်လုပ်သုံးစွဲလာကြသည်။ ထိုလက်နက်ဆန်းများ အသုံးပြုစမ်းသပ်နိုင်ရန် စစ်ပွဲများ ဖန်တီးလာကြသည်။ တစ်ဖန် အကြမ်းဖက်ဝါဒ၊ အကြမ်းဖက်သမားဟူ၍ပေါ်ပေါက်လာပြီး မိုင်းထောင်၊ ဗုံးခွဲ၊ လက်နက်များဖြင့် ပစ်ခတ်သတ်ဖြတ်မှုများဖြစ်လာသည်။ လက်နက်များ၏ ဘေးရန်ကြောင့် သေကျေပျက်စီးမှုဖြစ်ရသည့်အတွက် သတ္ထန္တရကပ်ဟု ခေါ်ဆိုရမည်ဖြစ်သည်။

ထို့ပြင် ထိုသို့သောလူသားများ၏ အကျင့်သီလပျက်ယွင်းမှုကြောင့် မိုးလေဝသမမှန်တော့ဘဲ ရာသီဥတုဖောက်ပြန်ပျက်စီးသည်။ ထို့ကြောင့် စိုက်ပျိုးရေးလုပ်ငန်းများ ပျက်စီးရသည်။ ထိုအခါ အစာရေစာ ရှားပါးငတ်မွတ်မှုဒဏ်ကြောင့် လူများ သေကျေပျက်စီးကြသည်။ ဒုဗ္ဘိက္ခန္တရကပ်ဆိုက်ရောက်ခြင်းဖြစ်သည်။ ယခုလတ်တလောတွင် ကြုံတွေ့နေရသော ကိုဗစ်-၁၉ ကူးစက်ရောဂါသည်လည်း ကပ်ရောဂါတစ်မျိုးဟု ဆိုရပေမည်။ ရောဂန္တရကပ်ဖြစ်သည်။

သုတ္တန်တစ်ခုတွင်မူ ကပ်ကြီးသုံးပါးဖြစ်ရသည်မှာ စစ်ဘေး၊ မီးဘေး၊ ရေဘေးတို့ကြောင့်ဖြစ်ရသည်ဟုဟောထားသည်။ သမိုင်းကိုကြည့်ပြန်လျှင်လည်း ကမ္ဘာ့ဒေသနေရာအနှံ့အပြားတွင် ခေတ်ကာလအလိုက် စစ်ပွဲများဖြစ်ပွားသည်ကို တွေ့ရသည်။ ပြည်တွင်းစစ်၊ ဒေသအလိုက် စစ်ပွဲများမှသည် ကမ္ဘာစစ်ကြီးများအထိဖြစ်ပွားသည်ကို တွေ့ရသည်။ စစ်ပွဲများကြောင့် လူအများအပြားသေကျေကြသည်။ ပျက်စီးဆုံးရှုံးမှုများလည်း ကြီးမားသည်။ အသက်မသေသော်လည်း စစ်ဘေးဒဏ်ကြောင့် အတိဒုက္ခရောက်ကြသူများ အများအပြားရှိသည်။ ဤသည်ကိုလည်း ကပ်ဘေးဟုခေါ်သည်။ ထို့ပြင် သဘာဝဘေးအန္တရာယ်တစ်ခုဖြစ်သည့် လေမုန်တိုင်းဒဏ်ကြောင့် သေကျေပျက်စီးမှုများလည်းရှိသည်။ တချို့သောဒေသများတွင် ရေလွှမ်းမိုးမှုကြောင့် သေကျေပျက်စီးမှုများကိုလည်း တွေ့ရသည်။ ထို့ကြောင့်လည်း စစ်ဘေး၊ လေဘေး၊ ရေဘေးတို့ကို ကပ်ဆိုး၊ ဘေးဆိုးအဖြစ် သတ်မှတ်ဟောကြားထားသည်ကို နာယူရသည်။

### လူတို့၏သက်တမ်းပါ တိုလာ

သုတ္တန်တစ်ခုတွင် လူသားများနှင့် သဘာဝပတ်ဝန်းကျင် ဆက်စပ်နေပုံများကို ဟောကြားထားသည်ကိုလည်း နာယူမှတ်သားရသည်။ ယခုခေတ်တွင် သဘာဝပတ်ဝန်းကျင် ပျက်စီးမှုကြောင့် အိုဇုန်းလွှာပေါက်ကာ ရာသီဥတုဖောက်ပြန်မှုများကို လေ့လာသုတေသနပြုဖော်ထုတ်သည်။ မြတ်စွာဘုရားရှင်က ရှေးယခင်ကပင် ကြိုတင်ဟောပြောတော်မူခဲ့သည်။ လောကတွင် လူသားများ ကိုယ်ကျင့်သီလစောင့်ထိန်းမှုမရှိဘဲ ကိုယ်ကျင့်တရားများ ပျက်ပြားလာလျှင် စကြဝဠာအတွင်းရှိ ဂြိုဟ်အနေအထားလမ်းကြောင်းများပြောင်းလဲပြီး နက္ခတ်တာရာတို့သည်လည်း လမ်းကြောင်းတိမ်းလွဲခြင်းများဖြစ်မည်။ ရာသီဥတုပုံမှန်မဟုတ်တော့ဘဲ ဖောက်ပြန်လာမည်ဟု ဟောခဲ့သည်။ ရာသီဥတုဖောက်ပြန်မှုကြောင့် စိုက်ပျိုးရေးလုပ်ငန်းများ ထိခိုက်မည်။ ထို့ကြောင့် စားရေရိက္ခာဖူလုံမှုမရှိတော့ဘဲ လူသားတို့ အာဟာရမပြည့်ဝမှုကြောင့် ကျန်းမာရေးထိခိုက်လာမည်။ ရောဂါဘယများ ထူပြောလာမည်။ လူတို့၏သက်တမ်းပါ တိုလာမည်ဟု ဟောကြားခဲ့သည်။

ဂေါတမမြတ်စွာဘုရားပွင့်တော်မူသည့် ကာလသည် ကလိယုဂဟုဆိုသည်။ ဆုတ်ခေတ်ကာလဖြစ်သည်။ ကိုယ်ကျင့်သီလပျက်ပြားသည့်သူများ များပြားနေသည့်အတွက် ဖြစ်သည်ဟုဆိုသည်။ ခြေထောက်လေးချောင်းရှိသည့် စားပွဲတစ်ခုတွင်

**စာမျက်နှာ ၁၆ သို့ ✦**

✦ စာမျက်နှာ ၁၅ မှ

ခြေထောက်သုံးချောင်း ကျိုးနေသည့်အနေအထားဖြင့် ဥပမာပေးထားသည်။ ဆိုလိုသည်မှာ လောကလူသားများအနက် လေးပုံသုံးပုံသည် ကိုယ်ကျင့်သီလပျက်ပြားပြီး လေးပုံတစ်ပုံခန့်သာ ကိုယ်ကျင့်သီလကောင်းသည့် လူကောင်းများရှိသည်ဟု ဆိုသည်။ ထို့ကြောင့်လည်း ရိုင်းစိုင်းရက်စက်မှုများ၊ သတ်ဖြတ်မှုများ ပေါများလာခြင်းဖြစ်သည်။ ရာသီဥတုသည်လည်း ဆိုးသည်ထက်ဆိုးလာသည်။ လူတို့၏သက်တမ်းသည်လည်း တိုသည်ထက်တိုလာသည်။ လူသားများ၏လုပ်ရပ်များကြောင့် ယခုလိုအကျိုးဆက်ဖြစ်လာရခြင်း ဖြစ်သည်ဟု ဆိုသည်။ ကိုယ်လုပ်တာကိုယ်ရသည့်သဘောဖြစ်သည်။ မကောင်းတာလုပ်သည့်သူများသည့်အတွက် မကောင်းသည့်ဆိုးကျိုးများရလာခြင်းဖြစ်သည်။ ကမ္ဘာမပျက်သေးသော်လည်း ကမ္ဘာပေါ်ရှိလူသားများ အတိဒုက္ခရောက်နေရသည့်အနေအထားဖြစ်သည်။ လူသားအများစု ကိုယ်ကျင့်သီလများ ကောင်းမွန်လာသည့်အချိန်ကာလမျိုး ရောက်ရှိလာသည့်အခါတွင် ပြန်လည်၍ အေးချမ်းသာယာလာမည်ဟုဆိုသည်။

**တမြည့်မြည့်လောင်ကျွမ်းနေသောမီးနှင့်တူ**

ထိုသို့ဖြစ်ရခြင်းမှာ လူသားများ ကိုယ်ကျင့်တရားပျက်ပြားလာပြီး လောဘ၊ ဒေါသ၊ မောဟစိတ်များ လွှမ်းမိုးလာမှုကြောင့်ဟုဆိုသည်။ လူသားများ၏လိုအပ်ချက်များ များပြားလာပြီး ထိုလိုအပ်ချက်များကို ဖြည့်ဆည်း၍မဆုံးနိုင်ဖြစ်ကြမည်။ လိုအပ်ချက်များလေ လောဘကြီးလေဖြစ်သည်။ လောကကြီးတွင် လူအများစုသည် လိုသည်ထက်ပိုပြီး ရှိအောင်ကြိုးစားနေကြသည်။ ဒါတွေသည် လောဘစိတ်ဖြစ်သည်။ လောဘနောက်က ဒေါသစိတ်လိုက်လာတတ်သည်။ သံသရာမှာ လောဘ၊ ဒေါသ၊ မောဟတွေများနေလျှင် ကပ်ဆိုးဘေးဆိုးများ ကြုံတွေ့ရမှာပဲဟု မြတ်စွာဘုရားဟောကြားထားသည်။ လောဘသည် အတောသတ်သည်မရှိ၊ တမြည့်မြည့်လောင်ကျွမ်းနေသောမီးနှင့်တူသည်။ ဒေါသမီးကတော့ ဖြစ်တုန်းခဏပဲဖြစ်သည်။ ထို့ကြောင့် လောဘ၊ ဒေါသ၊ မောဟစိတ်များ လူများအပေါ် လွှမ်းမိုးလာလျှင် အမုန်းစိတ်များ များပြားလာပြီး ပြင်းထန်သည့်အမုန်းစိတ်များကြောင့် ကမ္ဘာကြီးပျက်စီးသည်အထိ ဖြစ်နိုင်သည်ဟု ဟောထားသည်လည်းရှိသည်။

သုတ္တန်တစ်ခုတွင်မူ မြတ်စွာဘုရားက ထိုသို့သော ကပ်ဆိုး၊ ဘေးဆိုးများသည် လူမိုက်များကြောင့်ဖြစ်ရသည်ဟု ဟောထားသည်ကို တွေ့ရသည်။ လူမိုက်ဆိုသည်မှာ မလိမ္မာသောသူ၊ ဆိုးသွမ်းသောသူဟုနားလည်ထားကြသည်။ အမှန်မှာ လိမ္မာသော်လည်း အသိဉာဏ်ဆင်ခြင်တုံကင်းမဲ့သောသူ၊ မသိတတ်သောသူတို့ကို ရည်ညွှန်းသည်။ **အကြောင်းအကျိုး၊ အကောင်းအဆိုးကို ဝေဖန်ပိုင်းခြားနိုင်ခြင်းမရှိသည့် နလပိန်းတုံးကို လူမိုက်ဟုဆိုသည်။ ဗာလဟုလည်းခေါ်သည်။ ဗာဆိုသည်မှာ နှစ်ဂဏန်းဖြစ်ပြီး လဆိုသည်မှာ ပျက်စီးခြင်းဟု အဓိပ္ပာယ်ရသည်။ ထို့ကြောင့် ဗာလဆိုသည်မှာ အကျိုးနှစ်မျိုးကို ဖျက်ဆီးသည့်သူဟုဆိုလိုသည်။ ပစ္စုပ္ပန်ဘဝ၊ နောင်ဘဝနှစ်ခုလုံးအကျိုးကို ဖျက်ဆီးသည့်သူ၊ ပစ္စုပ္ပန်ဘဝ၊ နောင်ဘဝနှစ်ခုလုံးအတွက် အကျိုးမဲ့နှစ်မျိုးယူတတ်သူဟု အဓိပ္ပာယ်ရသည်။**

တစ်နည်းအားဖြင့် နှာခေါင်းမှ အသက်ရှူရုံသာရှူနေပြီး အသက်ရှင်နေသူ၊ အသိဉာဏ်မရှိသောသူကို ဗာလဟုခေါ်သည်။ ထင်ရာလုပ်ပြီး အများကို ဒုက္ခပေးသည့်သူဖြစ်သည်။ ယနေ့ခေတ်တွင်လည်း လူသားများ၏ လောဘလွန်ကဲမှု၊ ကိုယ်ကျင့်တရားပျက်စီးမှုတို့ကြောင့် ဆေးဝါးများ၊ အစားအစာများကိုပင် အတုပြုလုပ်၍ လိမ်လည်ရောင်းချနေမှုများ တွေ့နေရသည်။ အသားငါးများ၊ အသီးအရွက်များကို ဓာတုဆေးဝါးများ အသုံးပြု၍ရောင်းချနေကြသည်။ ဆေးမသုံးသောအစားအစာပင် ရှားပါးနေပြီဟုလည်း ဆိုကြသည်။ ထိုအစားအစာ၊ ဆေးဝါးများကို စားသုံးမိပါက အာဟာရဖြစ်ရမည့်အစား ကျန်းမာရေးအတွက်ပင် ထိခိုက်အန္တရာယ်ဖြစ်နိုင်သည်။ ထို့ကြောင့်လည်း လူမိုက်မိတ်ဆွေများကို မပေါင်းသင့်ဘဲ ပညာရှိရန်သူကို ပေါင်းသည်ကမှ အကျိုးရှိနိုင်သည်ဟု ဆိုကြသည်။

သံသရာထဲတွင် ဘဝတစ်ခုရရှိထားသည့် ပုဂ္ဂိုလ်သည် ခေတ်ကာလအလိုက် ဘေးဆိုး၊ ရန်ဆိုး ကပ်မျိုးများ ရံဖန်ရံခါ ကြုံတွေ့ရတတ်သည်။ ထိုသို့ တွေ့ကြုံရသည့်အခါ ကံမကောင်း အကြောင်းမလှ၍ဟု ပြော၍မရတော့ဘဲ သံသရာဝဋ်ဆင်းရဲထဲမှာ သတ္တဝါတစ်ဦးဖြစ်ရခြင်း၏အပြစ်ဟု ဆိုရမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ကပ်ဆိုး ဘေးဆိုးသည် တစ်ဦးတစ်ယောက်တည်းကိုသာမဟုတ်၊ ကမ္ဘာပေါ်ရှိ နေရာဒေသမရွေး လူအများစုအပေါ် ဖြစ်နိုင်သောကြောင့်ဖြစ်သည်။ သံသရာသည် ဒီလောက်ရှည်ကြာနေသည့်အတွက် အကုသိုလ်နှင့်ကင်းသည့်ပုဂ္ဂိုလ်မရှိနိုင်ဟုဆိုသည်။ အကုသိုလ်ဆိုသည်မှာလည်း အခွင့်အရေးရသည်နှင့် အကျိုးပေးတတ်သည့်သဘောရှိသည်။

ကပ်ဆိုးဘေးဆိုးသည် ယခုခေတ်ကာလမှသာ ကြုံတွေ့ရသည်မဟုတ်ဘဲ မြတ်စွာဘုရားရှင်သက်တော်ထင်ရှားရှိစဉ်ကာလကတည်းက ရှိခဲ့သည်ဟု မှတ်သားရသည်။ ကပ်ဆိုးဘေးဆိုးသည် လူတစ်ဦးချင်းအတွက်သာမဟုတ်ဘဲ လူအများစု တွေ့ကြုံခံစားရပြီး ဒေသမရွေးဖြစ်ပေါ်နိုင်သည်။ အမြဲတမ်းမဟုတ်ဘဲ အချိန်အတိုင်းအတာကာလတစ်ခုအထိ ဖြစ်ပေါ်နိုင်သည်။ လက်ရှိကာလတွင် မျက်မြင်တွေ့ကြုံရမှုအနေအထားအရ နည်းပညာနှင့် ပေါင်းစပ်စူးစမ်းလေ့လာပြီး ကပ်ဆိုး၊ ဘေးဆိုးမှ လွတ်မြောက်ကျော်လွှားရန် ဆောင်ရွက်လျက်ရှိကြသည်။ အတိုင်းအတာတစ်ခုအထိ တားဆီးထိန်းသိမ်းနိုင်ပြီဟု ဆိုရပါမည်။

**ဗုဒ္ဓဘာသာဝင်တို့အနေဖြင့် ဗုဒ္ဓမြတ်စွာဘုရား၏ အဆုံးအမအတိုင်း လိုက်နာကျင့်ကြံနေထိုင်ခြင်းဖြင့်လည်း တစ်ဖက်တစ်လမ်းမှ ကပ်ဆိုး၊ ဘေးဆိုး အန္တရာယ်ကို ကာကွယ်တားဆီးကျော်လွှားနိုင်မည်ဟု ယုံကြည်ပါသည်။ မြတ်စွာဘုရားသည် လူသားတို့၏ လက်ရှိဘဝအကျိုး၊ တမလွန်ဘဝအကျိုး၊ နိဗ္ဗာန်ရရှိစေရေးအကျိုးတို့အတွက် တရားတော်များဟောကြား၍ သွန်သင်ဆုံးမပေးထားသည်။ အခြေအနေကောင်းများ လမ်းဖွင့်ပေးထားသည်။ ကောင်းကျိုးတရားရရှိစေရန် လုပ်ဆောင်ရမည့်နည်းလမ်း၊ ရှောင်ကြဉ်ရမည့်နည်းလမ်းများကို ဟောပြောဆုံးမထားသည်။ လူသားတို့အနေဖြင့် တစ်ဦးချင်းကိုယ်စီ ကိုယ်တိုင်ကြိုးစားလိုက်နာကျင့်ကြံမှသာ ကောင်းကျိုးရရှိနိုင်မည်ဖြစ်သည်။**

**မဂ္ဂင်ရှစ်ပါးအကျင့်ကို ကျင့်ကြံအားထုတ်ရန် ဟောကြားထား**

ဗုဒ္ဓမြတ်စွာဘုရားက ယခုလို ကပ်ဆိုး၊ ဘေးဆိုးများကို ယာယီဖြေရှင်းနိုင်ရန်မှာ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတရားများ ပွားများရမည်။ လောဘ၊ ဒေါသ၊ မောဟ စသည့်စိတ်များ ကင်းဝေးအောင် စောင့်ထိန်းရမည်။ ကိုယ်ကျင့်သီလ၊ ကိုယ်ကျင့်တရားများ ကောင်းမွန်အောင် ကျင့်ကြံနေထိုင်ရမည်။ မြင့်မြတ်သောသီလကျင့်စဉ်၊ သမာဓိကျင့်စဉ်၊ ပညာကျင့်စဉ်တို့ကို ပွားများအားထုတ်ကြရန် တိုက်တွန်းထားသည်။ သင်္ခါရသဘောတရားအရ မည်သည့်အရာမှမမြဲသည်ကို သတိမူပြီး မဂ္ဂင်ရှစ်ပါးအကျင့်ကို ကျင့်ကြံအားထုတ်ရန် ဟောကြားထားပါသည်။ လူသားများအနေဖြင့် ကိုယ်စီကိုယ်ကျင့်သီလ၊ ကိုယ်ကျင့်တရားများ ကောင်းမွန်လာပြီး လောဘ၊ ဒေါသ၊ မောဟများ လျော့ပါးကင်းစင်လာပါက လူသားတို့၏သက်တမ်းသည်ပင် ငြိမ်းချမ်းစွာစရာကောင်းလောက်အောင် ရှည်လာမည်ဟု ဟောကြားထားသည်ကိုလည်း ကြားနာရပါသည်။

ထို့ကြောင့် လောကလူသားအပေါင်းတို့သည် မြတ်ဗုဒ္ဓ၏အဆုံးအမအတိုင်း ကိုယ်ကျင့်သီလကောင်းအောင် ဆောက်တည်ကာ လောဘ၊ ဒေါသ၊ မောဟများ လျော့နည်းပြီး မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတရားများ ပွားများတိုးတက်အောင် ကျင့်ကြံအားထုတ်ခြင်းဖြင့် ကပ်ဆိုး၊ ဘေးဆိုး ရန်များကို ကျော်လွှားနိုင်ကာ တည်ငြိမ်အေးချမ်းသာယာသော လောကဖြစ်အောင် တည်ဆောက်နိုင်ကြမည်ဖြစ်သည်။ ။

**{ပါမောက္ခချုပ်ဆရာတော်ဘုရားကြီး အရှင်နန္ဒမာလာဘိဝံသ (Ph.D) ၏ ကပ်ကြီးသုံးပါး ကျော်လွှားရေးတရားတော်အား မှီငြမ်းကိုးကားရေးသားခြင်း ဖြစ်ပါသည်။}**

# ရခိုင်ပြည်နယ်အတွင်း ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၁၀**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများကို သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ် ကျရောက်သောဒေသများအဖြစ် ကြေညာချက်များထုတ်ပြန်၍ ယင်းကြေညာချက်များပါ ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးထားပြီးဖြစ်သည်။

ထိုသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ခန့်အပ် တာဝန်ပေးအပ်ထားရှိရာ ယနေ့တွင် ကျောက်ဖြူမြို့သို့ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး လူအေးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ အနောက်ပိုင်းရပ်ကွက်ရှိ ယပ်လှဲဘုန်းတော်ကြီးကျောင်း၌ ယပ်လှဲကျောင်းတိုက် ပဓာနနာယက ဘဒ္ဒန္တ စက္ကိန္ဒ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ နိုင်ငံတော် သံဃမဟာနာယက(ငြိမ်း) ဆရာတော်ကြီးအမှူးပြုသော သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းပြီး ကျောင်းတိုက်ရှိ သံဃာတော်များနှင့် တရားနာပရိသတ်များအား အခမဲ့ကျန်းမာရေးစောင့်ရှောက်ပေးနေမှုကို ကြည့်ရှု၍ ဆေးကုသမှုခံယူနေသူများအား တိုင်းရင်းဆေးလုပ်ငန်းရှင်များမှ ပေးပို့လှူဒါန်းထားသည့် တိုင်းရင်းဆေးမျိုးစုံကို လှူဒါန်းပေးအပ်သည်။



အလားတူ မြောက်ဦးမြို့သို့ရောက်ရှိနေသည့် ဗိုလ်ချုပ် သောင်းထိုက်ရွှေသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ အလယ်ဈေးရပ်ကွက် သက္ကျမာန်အောင်ဘုရားအနီး၌ ပြုလုပ်သော မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်၍ သစ်ပင်များ စိုက်ပျိုးခဲ့ပြီး ဌာနဆိုင်ရာဝန်ထမ်းများ၏ သစ်ပင်စိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှုခဲ့သည်။

ထို့အတူ ချင်းပြည်နယ် ပလက်ဝမြို့သို့ရောက်ရှိနေသည့် ဗိုလ်မှူးချုပ် နေဝင်းအောင်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ကီမိုခန်းမ၌ မိုခါမုန်တိုင်းဒဏ်ကြောင့် နေအိမ်များပျက်စီးခဲ့သည့် အိမ်ထောင်စုများအတွက် ဒုတိယအကြိမ်ထောက်ပံ့ငွေများ ပေးအပ်ပြီး သက်ဆိုင်ရာတာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ မာန်အောင်မြို့သို့ ရောက်ရှိနေသော ဗိုလ်မှူးချုပ် ကျော်ကျော်ဦးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) ဈေးတန်းကျောင်း၌ အသက် ၅ နှစ်နှင့်အထက် KG ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးနေမှုများကို သွားရောက်ကြည့်ရှုအားပေးပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများ ကျွေးမွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

✽ အာဆီယံ ယူ-၁၉ မှ

အုပ်စုပွဲစဉ်များအပြီးတွင် အုပ်စု (က) ၌ အင်ဒိုနီးရှားအသင်းက ကိုးမှတ်ဖြင့် အုပ်စု ပထမ၊ အုပ်စု(ခ)၌ ဗီယက်နမ်အသင်းက ခြောက်မှတ်ဖြင့် အုပ်စုပထမ၊ အုပ်စု(ဂ)၌ ထိုင်းအသင်းက ခြောက်မှတ်ဖြင့် အုပ်စုပထမရရှိကာ ဆီမီးဖိုင်နယ်တက်ရောက်ခဲ့သည်။ အုပ်စု ဒုတိယနေရာရရှိသည့် အသင်းများအနက် မြန်မာအသင်း၊ ကမ္ဘောဒီးယားအသင်းနှင့် မလေးရှားအသင်းတို့ သုံးမှတ်စီရခဲ့သော်လည်း ဂိုးကွာခြားချက်ကြောင့် မြန်မာအသင်းက အကောင်းဆုံးအသင်းဖြစ်ခဲ့ပြီး ဆီမီးဖိုင်နယ် တက်ရောက်ခဲ့သည်။ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဇူလိုင် ၁၃ ရက်တွင် ကျင်းပမည်ဖြစ်ပြီး ဗီယက်နမ်အသင်းနှင့် မြန်မာအသင်း၊ အိမ်ရှင်အင်ဒိုနီးရှားအသင်းနှင့် ထိုင်းအသင်း တွေ့ဆုံနေသည်။

**ကိုညီလေး**

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇူလိုင် ၁၀**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ ပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကိုအကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် အမှတ်(၁)ရပ်ကွက်နေ ကိုကိုလွင်သည် ၎င်းအသုံးပြုသည့် “Ko Ko Lwin” Facebook အကောင့်ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှု လုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

**❍ ကျောဖုံးမှ**

ယခင်က သွေးခြင်ဆီပင်မကလာပ်စည်း အစားထိုးကုသမှုများကို မျိုးဗီဇချင်းတူညီသည့် အမြွှာပူးအဖြစ် မွေးဖွားလာသူအချင်းချင်းအကြား၌သာ ဆောင်ရွက်ပေးနိုင်ခဲ့သော်လည်း ယခုအခါ တိုးတက်လာသည့် ဆေးပညာရပ်များအရ မျိုးဗီဇတစ်ဝက်တူညီမှုရှိသူ(ဥပမာ - မိခင်/ဖခင်၊ သား/သမီး၊ ညီအစ်ကို/မောင်နှမ)များအကြား လှူဒါန်းသည့် ပင်မကလာပ်စည်း (Stem Cell)ကို အသုံးပြု၍ သွေးခြင်ဆီ အစားထိုးကုသခြင်း(Haploidentical Allogeneic Transplant)ကို ဆောင်ရွက်လာနိုင်ခြင်း ဖြစ်သည်။

မြန်မာနိုင်ငံတွင် ပထမဦးဆုံး သွေးခြင်ဆီပင်မကလာပ်စည်း အစားထိုးကုသမှု (Hematopoietic Stem Cell Transplant–HSCT)ကို မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး၌ သွေးကင်ဆာလူနာများတွင် ၂၀၁၄ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၄ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ လူနာ၏ကိုယ်ပိုင်ပင်မကလာပ်စည်း (Stem Cell)ကို အသုံးပြုသော Autologous HSCT ဖြင့် သွေးရောဂါဆိုင်ရာကင်ဆာတစ်မျိုးဖြစ်သည့် Myelomaနှင့် ပြန်ရည်ကျိတ်ကင်ဆာ (Lymphoma) လူနာ ၁၈ ဦးနှင့် အလှူရှင်ထံမှရသော ပင်မကလာပ်စည်း(Allogeneic HSCT)ဖြင့် အပြင်းစားသွေးကင်ဆာ (Acute Myeloid Leukemia) လူနာသုံးဦး စုစုပေါင်း ၂၁ ဦးကို ကုသပေးနိုင်ခဲ့သည်။ ထို့အတူ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင်လည်း ၂၀၁၆ ခုနှစ်မှစတင်၍ သွေးခြင်ဆီပင်မကလာပ်စည်း အစားထိုးကုသမှု (HSCT) ဖြင့် သွေးရောဂါဆိုင်ရာကင်ဆာတစ်မျိုးဖြစ်သည့် Myeloma လူနာ ၁၃ ဦးကို ကုသနိုင်ခဲ့သည်။

ယခုကဲ့သို့ ပြည်သူ့ဆေးရုံကြီးများတွင် မြန်မာနိုင်ငံသား ဆရာဝန်ကြီးများက ဦးဆောင်၍ သွေးခြင်ဆီပင်မကလာပ်စည်း အစားထိုးကုသမှုများကို ဆောင်ရွက်ပေးလျက်ရှိခြင်းကြောင့် လူနာနှင့် လူနာ၏ မိသားစုဝင်များအနေဖြင့် နိုင်ငံရပ်ခြားတွင် သွားရောက်ကုသရသည့် ဆေးကုသမှုကုန်ကျစရိတ်အများအပြားကို လျှော့ချနိုင်လျက်ရှိပြီး ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် အဆိုပါကုသမှုများကို ဆက်လက်ဆောင်ရွက်လျက်ရှိကာ အပြည့်အဝကူညီပံ့ပိုးမှုများ ပေးအပ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

---

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၁-၇-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လှိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၈၀ | ၂၀၃၀ | ၂၀၂၅ | ၁၉၉၀ | ၂၀၃၀ | ၂၀၅၀ | ၂၀၃၅ | ၂၀၁၅ | ၂၁၁၀ | ၂၁၃၀ | ၂၀၂၀ | ၂၀၃၀ | ၂၀၆၅ | ၂၀၆၅ | ၂၀၇၀ | ၂၃၀၀ | ၂၈၂၀ |
| 95 Ron | ၂၁၀၀ | ၂၁၅၀ | ၂၁၄၅ | ၂၁၀၅ | ၂၁၄၅ | ၂၁၇၀ | ၂၁၅၅ | ၂၁၃၀ | ၂၂၃၀ | ၂၂၄၅ | ၂၁၄၀ | ၂၁၅၅ | ၂၁၈၅ | ၂၁၈၅ | ၂၁၈၅ | ၂၄၁၅ | ၂၉၂၀ |
| HSD (500 ppm) | ၂၀၃၅ | ၂၀၈၅ | ၂၀၈၅ | ၂၀၄၅ | ၂၀၈၅ | ၂၁၁၀ | ၂၁၀၅ | ၂၀၇၀ | ၂၁၉၀ | ၂၁၈၅ | ၂၀၇၅ | ၂၀၉၀ | ၂၁၂၀ | ၂၁၂၅ | ၂၁၂၅ | ၂၃၅၅ | ၂၉၂၀ |
| HSD (50 ppm) | ၂၁၁၅ | ၂၁၆၅ | ၂၁၆၅ | ၂၁၂၅ | ၂၁၆၅ | ၂၁၉၀ | ၂၁၈၅ | ၂၁၅၀ | ၂၂၇၀ | ၂၂၆၅ | ၂၁၅၅ | ၂၁၇၀ | ၂၂၀၀ | ၂၂၀၅ | ၂၂၀၅ | ၂၄၃၅ | ၂၉၈၀ |
| HSD (10 ppm) | ၂၁၁၅ | ၂၁၆၅ | ၂၁၆၅ | ၂၁၂၅ | ၂၁၆၅ | ၂၁၉၀ | ၂၁၈၅ | ၂၁၅၀ | ၂၂၇၀ | ၂၂၆၅ | ၂၁၅၅ | ၂၁၇၀ | ၂၂၀၀ | ၂၂၀၅ | ၂၂၀၅ | ၂၄၃၅ | ၂၉၈၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၇၉ | ၁၉၅၀ |
| 95 Ron | ၁၉၉၃ | ၂၀၆၆ |
| HSD (500 ppm) | ၁၉၃၇ | ၂၀၀၅ |
| HSD (50 ppm) | ၂၀၁၁ | ၂၀၈၀ |
| HSD (10 ppm) | ၂၀၁၁ | ၂၀၈၀ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

---

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၁-၇-၂၀၂၃ အင်္ဂါနေ့

**MRTV HD**

၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ပရိတ်တရားတော် (မေတ္တသုတ်)
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၃၅ 'ကလေးငယ်များကျန်းမာရေးကောင်းနှင့်ဝန်းကျင်သန့်ရှင်းပေး'
၀၉:၁၀ ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
၀၉:၄၀ Sports Diary
၁၀:၀၀ သတင်းထဲကသတင်း
၁၂:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'ပိုင်ဆိုင်ခွင့်မရှိတဲ့အချစ်နိဂုံး'** (အပိုင်း-၃၀)
၁၃:၃၀ MRTV National News
၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'ဟယာမျက်နှာဖုံး'** (အပိုင်း-၁၆)
၁၅:၄၀ စိမ်းလန်းစိုပြည်ကျောင်းဝင်းမြေ
၁၆:၃၅ ကလောင်စွမ်းဖြင့် ၃ ဂဏ်အလင်းတံခါးဖွင့်ကြသူများ
၁၇:၃၀ ရုပ်မြင်သံကြားဇာတ်လမ်း "အဝါရောင်ဆန္ဒ အနီရောင်စည်းကမ်း" (အောင်ကျော်ဦး၊ ဇင်မာသိန်း၊ ချယ်ရီနန်း) (ဒါရိုက်တာ-လွမ်းလင့်အိမ်)
၁၈:၀၀ ပြည်တွင်းသတင်း၊ မိုးလေဝသအခြေအနေ
၁၈:၃၅ သံစဉ်ဝေဖြာစတီရီယိုတေးကဗျာ
၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'ဟယာမျက်နှာဖုံး'** (အပိုင်း-၁၇)
၁၉:၄၀ "July 11 ကမ္ဘာ့လူဦးရေနေ့"
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၁:၀၀ သံစဉ်ဝေဖြာစတီရီယိုတေးကဗျာ
၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'ကံကြမ္မာမုန်တိုင်း'** (အပိုင်း-၂၆)
၂၂:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ **'ပြောင်းလဲနိုင်သောအချိန်စက်ဝန်း'** (အပိုင်း-၈)

**mitv**

07:01 Evergreen Classic: Myat Day Thanar (Pan Ei Phyu)
07:10 Tobacco Pipe Making Business (Ywar Lut Village)
07:17 Gold from Garbage
07:28 Secret Recipes by Gourmet Chefs (India)
08:01 News
08:26 Ecotourism: Tamu And Hand Washing Lake
08:41 Great Shwedagon - Nine Wonders Around The Platform Of Shwedagon Pagoda
08:54 World Popullation day (11th July)
09:01 Healthy Diet: Balanced Diet
09:07 Mushroom Farming
09:32 Listening Pleasure, Instrumental Music (Banjo) Ohnt Pone Chit
09:40 Fishery Products: Pickled Prawn Business
09:54 Golden Mandalay Hill
10:01 News
10:27 Tray Art Products

**MRTV NRC**

**ချင်း (ချိုး) (၀၆:၀၀ မှ ၀၇:၀၀)**
ဝိတိုရိယတောင်(ခေါ်)ခေါနူးမ်

**မွန် (၀၇:၀၀ မှ ၀၉:၀၀)**
ကျိုက်မရောလယ်ဘုရားနှင့် စက်ဝဲကမ်းခြေသို့ အလည်တစ်ခေါက်

**ရခိုင် (၀၉:၀၀ မှ ၁၁:၀၀)**
ရခိုင်ဘာသာစကားပြောကြရအောင်(အပိုင်း-၁)

**ရှမ်း (၁၁:၀၀ မှ ၁၃:၀၀)**
ပဒုမ္မာကြာသက်န်း

**ဝ (၁၃:၀၀ မှ ၁၅:၀၀)**
တန့်ယန်းမြို့အလှ

**ကချင် (၁၅:၀၀ မှ ၁၇:၀၀)**
ကချင်ဘာသာစကားပြောကြရအောင်

**ကယား (၁၇:၀၀ မှ ၁၉:၀၀)**
အစာသည်ဆေး ဆေးသည်အစာ အစားမှားရင်တော့ဘေး

**ကရင် (၁၉:၀၀ မှ ၂၀:၀၀)**
ထူးဆန်းပွေ့ရာဝလေ့ရိုးရာ (စပါးလိပ်ပြာခေါ်ပွဲအကြောင်း)

**အနောက်ပိုးကရင် (၂၀:၀၀ မှ ၂၁:၀၀)**
တိုင်းရေရဲ့ထင်ရှားကျော်ကြားဒေသများ

**အရှေ့ပိုးကရင် (၂၁:၀၀ မှ ၂၂:၀၀)**
စားလို့ကောင်းတဲ့သပြေသီးတာလပေါ်

**ချင်း (လိုင်ဇို) (၂၂:၀၀ မှ ၂၃:၀၀)**
သင်မယ်၊ ရေးမယ် 'တို့' ချင်းစာ (အပိုင်း-၂၉)

**MRTV NEWS**

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၀၅ လှုပ်လှုပ်ရှားရှား အားကစား
၀၆:၄၀ အားကစားသတင်း
၀၇:၄၅ နိုင်ငံတကာစီးပွားရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးသတင်း
၀၈:၃၀ နိုင်ငံတကာသတင်း (LIVE)
၀၈:၄၅ ECONOMIC REVIEV (Part-40) အစိုးတန်ပညာရေး
၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
၀၉:၄၅ Save Our Planet Program
၁၀:၄၅ အသိပညာနှင့်အမှန်တရား "ချမ်းသာသုခရှာနည်းလမ်းများ"
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၂:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၃:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၄:၀၀ MRTV National News

**MRTV PARLIAMENT**

၀၉:၀၀ အဖွင့်၊ အလဲ
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'ကျောင်းမှန်မှန်တက်စာမသက်'**
၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
၁၀:၃၀ ဒီမိုကရေစီဆိုသည်မှာ (အပိုင်း-၁)
၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဂျာမနီနိုင်ငံ)
၁၁:၃၀ အတွေးအမြင် (အပိုင်း-၆)
၀၆:၀၀ **ရွှေသို့လှမ်း၍ - -ပန်းတိုင်** (အပိုင်း-၆)

**MRTV FARMERS'**

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
၀၆:၄၀ ဝါသီးနှံသုတေသနမှသည်လုပသော အနာဂတ်များဆီ
၀၇:၀၀ အနာဂတ်၏ဖွံ့ဖြိုးမြန်မာစိုက်ပျိုးမွေးမြူပညာသင်ယူပါ လူငယ်တာဝတစ်သက်တာ
၀၇:၄၅ တောင်သူ့ဘဝ သုတကဏ္ဍ
၀၈:၂၀ စကားပြောသောပုံရိပ်များ
၀၈:၃၀ အကောင်းဆုံးမြေပဲမျိုးနဲ့ဒေသကိုအလှဖြည့်မယ်
၀၉:၂၀ သုတေသနဖွံ့ဖြိုးမှ စွမ်းဆောင်ရည်ပြည့်ဝ
၀၉:၄၀ မှိုမွေးမြူစိုက်ပျိုး မိသားစုဝင်ငွေတိုး

**MRTV SPORTS**

၀၆:၀၀ အဖွင့်
၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
၀၇:၀၀ Sports News
၀၇:၃၀ Soccer View/ Weekly Sports Info/ Sports Diary/ Weekly MNL Review
၀၇:၄၅ အားကစားလောကထဲကသူတို့အကြောင်း/ လူငယ်တို့အတွက် လမ်းပြကြယ်
၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ်ဘောလုံးပွဲစဉ်များ
၁၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'ဘတ်စကတ်ဘောအက်ဆေး'**
၂၀:၀၀ ပြည်တွင်းသတင်း

SCAN ME
Education Channel ကို ဝနေ့တနင်္ဂနွေမှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။
www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# တိုးတိုးအောင်ငရုတ် စိုက်ပျိုးထွက်ရှိမှုနှင့် ဈေးနှုန်းဈေးကွက်

**ကျောက်ဆည် ဇူလိုင် ၁၀**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် သံချက်ကုန်းကျေးရွာသည် သီးနှံများစိုက်ပျိုးရာတွင် ဆည်ရေကို အဓိကထား စိုက်ပျိုးရကြောင်း၊ ငရုတ်သီးနှံကို အောက်တိုဘာလတွင် ပျိုးထောင်၍ နိုဝင်ဘာလတွင် စတင်စိုက်ပျိုးပြီး ဖေဖော်ဝါရီလကုန်ပိုင်းတွင် ငရုတ်သီးများ စတင်ထွက်ရှိရာ ဇူလိုင်လကုန်တွင် ရိတ်သိမ်းပြီးစီးမည်ဖြစ်ကြောင်း၊ ငရုတ်စတင်စိုက်ပျိုးရာတွင် တစ်ပေါင်နှင့် တစ်ပေါင် သုံးပေအကွာ၊ တစ်ပင်နှင့် တစ်ပင် လက်မ ၂၀ ခြား၍ စနစ်တကျ စိုက်ပျိုးရကြောင်း၊ ငရုတ်မျိုးအနေဖြင့် တိုးတိုးအောင်ငရုတ်မျိုးကိုသာ စိုက်ပျိုးကြကြောင်းသိရသည်။

ငရုတ်သီးနှံ တစ်ဧကလျှင် စိုက်ပျိုးမှုကုန်ကျစရိတ်သည် မြေပြင်စရိတ်၊ သွင်းအားစု၊ လုပ်အားခ စုစုပေါင်း ငွေကျပ်သိန်း ၈၀ ကုန်ကျကြောင်း၊ အထွက်နှုန်းအနေဖြင့် ပိဿာ ၈၀၀၀-၁၀၀၀၀ ခန့် ထွက်ရှိကြောင်း၊ တိုးတိုးအောင်ငရုတ်ဈေးနှုန်းအနေဖြင့် ယခင်လတွင် ငရုတ်အစို (အစိမ်း) တစ်ပိဿာလျှင် ငွေကျပ် ၈၅၀၀၊ ငရုတ်အစို(အမှည့်) တစ်ပိဿာလျှင် ငွေကျပ် ၆၀၀၀ ဈေးနှုန်းဖြင့် ရောင်းချရသည်။

ယခုအချိန်တွင် ငရုတ်အစို(အစိမ်း) တစ်ပိဿာလျှင်ငွေကျပ် ၄၅၀၀၊ ငရုတ်အစို(အမှည့်) တစ်ပိဿာလျှင် ငွေကျပ် ၄၇၀၀ ဈေးနှုန်းသာ ရရှိသည်။ ကျောက်ဆည်နှင့် မြစ်သားမြို့ရှိ ကုန်သည်များက စိုက်ခင်းအထိ လာရောက်ဝယ်ယူလျက်ရှိကြောင်း၊ တိုးတိုးအောင်ငရုတ်သည် စိုက်ပျိုးစရိတ်များသော်လည်း အခြားငရုတ်များထက် အထွက်နှုန်းကောင်းပြီး ဈေးနှုန်းပိုမိုရရှိသောကြောင့် အကျိုးအမြတ်များစွာရရှိပြီး ပိုမိုစိုက်ပျိုးသင့်သည့်သီးနှံဖြစ်ကြောင်း သိရသည်။



# ပြင်ဦးလွင် ကော်ဖီဈေးကွက်အခြေအနေ

**ပြင်ဦးလွင် ဇူလိုင် ၁၀**

မြန်မာနိုင်ငံတွင် နှစ်ရှည်ကော်ဖီသီးနှံကို ပြင်ဦးလွင်နှင့် မိုးကုတ်ဒေသများတွင် မြေနိမ့်ကော်ဖီနှင့် ကုန်းမြင့်ကော်ဖီဟူ၍ စိုက်ပျိုးကြပြီး ၂၀၂၃ ခုနှစ်အတွင်း ပြင်ဦးလွင်၌ ၁၀၂၄၅ ဧက၊ မိုးကုတ်၌ ဧက ၄၇၀ စုစုပေါင်း ၁၀၇၁၅ ဧကရှိရာ ပြင်ဦးလွင်မြို့၌ ယခင်နှစ်ထက် စိုက်ဧက ၄၈၀၀ ကျော် ပိုမိုစိုက်ပျိုးနိုင်ကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ဒေသ၌ ကုန်းမြင့်ကော်ဖီဖြစ်သော (အာရေးဗီးကား) ကော်ဖီကိုသာစိုက်ပျိုးကြောင်း၊ ကော်ဖီသီးနှံတစ်ဧက အထွက်နှုန်းမှာ ကော်ဖီသီး (အစို) ၁၅၆ တန်ကျော် ထွက်ရှိပြီး စိုက်ပျိုးစရိတ် ငွေကျပ် ၂၅ သိန်းမှ သိန်း ၃၀ ခန့် ကုန်ကျကြောင်း၊ ကော်ဖီဈေးကွက်တွင် ကော်ဖီစေ့အရည်အသွေးကောင်းပါက ပို့ကုန် တစ်တန်လျှင် ငွေကျပ်သိန်း ၁၅၀ မှ ၁၆၀ ၊ အရည်အသွေးနိမ့်ပါက ကော်ဖီစေ့ တစ်တန်လျှင် ငွေကျပ်သိန်း ၇၀ မှ ၈၀ ရရှိကြောင်း သိရသည်။ ပြည်တွင်းဈေးကွက်တွင် ပြင်ဦးလွင်ဒေသတွင်း၊ မန္တလေးနှင့် တောင်ကြီးမြို့များသို့ တင်ပို့လျက်ရှိပြီး ပြည်ပတင်ပို့မှုအနေဖြင့် အင်္ဂလန်၊ အမေရိကန်၊ ဂျပန်နှင့် ဩစတေးလျနိုင်ငံများသို့ အဓိကတင်ပို့လျက်ရှိကြောင်း၊ ယခုနှစ်ပိုင်းတွင် ကော်ဖီ 2 in 1၊ 3 in 1 Value Added လုပ်ငန်းရှင်များကလည်း အရည်အသွေးကောင်း ကော်ဖီစေ့များကိုသာ ဝယ်ယူထုတ်လုပ်လာခြင်းများကြောင့် ပြည်တွင်းပြည်ပ ဈေးနှုန်းကွာဟမှု ကြီးကြီးမားမားမရှိကြောင်း သိရသည်။

# တာချီလိတ်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

**နေပြည်တော် ဇူလိုင် ၁၀**

တာချီလိတ် ကုန်သွယ်ရေးစခန်းသည် ၂၀၂၃ ခုနှစ် ဇူလိုင် ၁ ရက်မှ ၇ ရက်အထိ ပို့ကုန်တင်ပို့မှုမှာ ပြောင်းတန်ချိန် ၂၀၅၄ တန်၊ ကြက်သွန်ဖြူ တန်ချိန် ၆၈ တန်၊ လက်ဖက်ခြောက်တန်ချိန် ၄၀ နှင့် ကတ်ထူစက္ကူ အဟောင်း တန်ချိန် ၁၇၄ တန် တင်ပို့နိုင်ခဲ့သည်။

သွင်းကုန်အနေဖြင့် စက်သုံးဆီနှင့် ဆောက်လုပ်ရေးသုံးပစ္စည်းများ အဓိကတင်သွင်းလျက်ရှိရာ ယခု တစ်ပတ်တွင် ဘိလပ်မြေ သုည ဒသမ ၃၈၆ ဒေါ်လာသန်း၊ မော်တော်ယာဉ်နှင့် မော်တော်ယာဉ်ပစ္စည်း သုည ဒသမ ၄၆၃ ဒေါ်လာသန်း၊ ရေနံထွက်ပစ္စည်း သုည ဒသမ ၃၈၁ ဒေါ်လာသန်း၊ တွင်းထွက် (သတ္တုမှအပ) ဆောက်လုပ်ရေးပစ္စည်းများ သုည ဒသမ ၁၄၃ ဒေါ်လာသန်း၊ တာယာနှင့်ကျွတ်များ သုည ဒသမ ၀၀၄ ဒေါ်လာသန်း၊ သုတ်ဆေး/ပေါလစ်များ သုည ဒသမ ၀၀၅ ဒေါ်လာသန်း အပါအဝင်သွင်းကုန်တန်ဖိုး ၁ ဒသမ ၄၉၄ ဒေါ်လာသန်း တင်သွင်းခဲ့သည်။ ဈေးနှုန်းအနေဖြင့် ဘိလပ်မြေတစ်တန်လျှင် ဒေါ်လာ ၈၀၊ ဒီဇယ်ဆီ တစ်တန်လျှင် ၇၈၀ ဒသမ ၂၂၅ ဒေါ်လာ၊ ဓာတ်ဆီတစ်တန်လျှင် ၈၇၆ ဒသမ ၁၂၈ ဒေါ်လာတို့ဖြစ်သည်။

တာချီလိတ်ကုန်သွယ်မှုလမ်းကြောင်း တစ်လျှောက်ရှိ (၄) မိုင်ဂိတ်၊ တာကော်တံတားဂိတ်၊ ကျိုင်းတုံ (နောင်နွန်းဂိတ်)၊ မိုင်းဖြတ်ဂိတ်၊ ဝေ့ရဲဂိတ်တို့မှ ပို့ကုန်ယာဉ်များအား ကုန်ပစ္စည်း သယ်ဆောင်ခွင့်လက်မှတ် (QR) စစ်ဆေး၍ ဆောင်ရွက်လျက်ရှိသည့်အတွက် ကုန်သွယ်မှုတွင် လွယ်ကူချောမွေ့လျက်ရှိသည်။ ငွေလဲနှုန်းအနေဖြင့် မြန်မာကျပ်ငွေ တစ်သိန်းလျှင် ၁၁၄၅ ဘတ် ဖြစ်သည်။



သတင်းအရင်းအမြစ် – စီးပွား/ကူးသန်း

**၁၀-၇-၂၀၂၃ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ**

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ (ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ |
| ၁ | မြစ်ကြီးနား | ၃၅၀၀ | | ၁၁၀၀၀ | ၈၅၀၀ | ၁၉၀၀၀ | ၂၈၀၀ | ၈၀၀၀ | ၈၀၀၀ | ၃၅၀၀ | ၈၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၇၀၀၀ | ၄၅၀၀ | ၃၀၀၀ | ၃၈၀၀ | ၁၃၀၀၀ | ၂၂၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၁၄၀၀၀ |
| ၂ | လားရှိုး | ၂၈၀၀ | ၂၈၀၀ | ၁၄၀၀၀ | ၈၅၀၀ | ၂၂၀၀၀ | ၃၀၀၀ | ၅၀၀၀ | ၆၅၀၀ | ၃၀၀၀ | ၄၀၀၀ | ၈၀၀ | ၈၀၀၀ | ၅၂၀၀ | ၄၀၀၀ | ၃၅၀၀ | ၃၂၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၃ | ကျိုင်းတုံ | ၃၃၀၀ | | ၁၆၀၀၀ | ၈၀၀၀ | ၁၈၀၀၀ | ၃၀၀၀ | ၈၀၀၀ | ၈၅၀၀ | ၄၀၀၀ | ၄၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၆၅၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၂၄၀၀၀ | | ၁၁၀၀၀ |
| ၄ | တောင်ကြီး | ၃၁၀၀ | ၂၆၀၀ | ၉၀၀၀ | ၇၅၀၀ | ၂၂၀၀၀ | ၂၈၀၀ | ၆၇၀၀ | ၆၅၀၀ | ၃၅၀၀ | ၄၀၀၀ | ၆၀၀ | ၈၀၀၀ | ၆၅၀၀ | ၄၃၀၀ | ၃၂၀၀ | ၃၅၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ |
| ၅ | လွိုင်ကော် | ၃၈၀၀ | ၂၉၀၀ | ၁၇၀၀၀ | ၈၈၀၀ | ၃၈၀၀၀ | ၃၃၀၀ | ၇၀၀၀ | ၅၇၀၀ | ၅၅၀၀ | ၄၅၀၀ | ၆၀၀ | ၈၀၀၀ | ၆၄၀၀ | ၃၇၀၀ | ၃၅၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၇၀၀၀ | ၁၀၀၀၀ |
| ၆ | ဘားအံ | ၂၇၀၀ | | ၁၂၀၀၀ | ၇၃၀၀ | ၁၆၀၀၀ | ၂၅၀၀ | ၉၀၀၀ | ၈၀၀၀ | ၅၅၀၀ | ၇၀၀၀ | ၆၀၀ | ၉၅၀၀ | ၆၅၀၀ | ၃၀၀၀ | ၃၀၀၀ | ၃၅၀၀ | ၁၀၅၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၂၃၀၀၀ | ၈၀၀၀ |
| ၇ | မော်လမြိုင် | ၂၈၅၀ | | ၁၄၅၀၀ | ၇၀၀၀ | ၁၇၀၀၀ | ၂၇၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၇၀၀၀ | ၁၂၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၃၀၀၀ | ၃၆၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၀၀၀၀ |
| ၈ | ထားဝယ် | ၃၅၀၀ | | ၁၇၀၀၀ | ၇၀၀၀ | ၁၈၀၀၀ | ၂၈၀၀ | ၇၉၀၀ | ၉၀၀၀ | ၄၈၀၀ | ၉၅၀၀ | ၅၀၀ | ၈၀၀၀ | ၆၅၀၀ | ၄၀၀၀ | ၃၃၀၀ | ၃၇၀၀ | ၁၃၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၉ | မြိတ် | ၃၀၀၀ | | ၁၅၀၀၀ | ၆၅၀၀ | ၁၇၀၀၀ | ၂၇၀၀ | ၉၅၀၀ | ၈၀၀၀ | ၄၆၀၀ | ၈၅၀၀ | ၈၀၀ | ၉၈၀၀ | ၆၈၀၀ | ၅၀၀၀ | ၃၅၀၀ | ၃၇၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၁၉၀၀၀ | ၂၄၀၀၀ | |
| ၁၀ | ရန်ကုန် | ၂၉၀၀ | ၂၆၀၀ | ၁၅၀၀၀ | ၅၃၀၀ | ၁၇၀၀၀ | ၂၆၀၀ | ၁၀၀၀၀ | ၉၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၆၀၀ | ၇၅၀၀ | ၆၈၀၀ | ၄၀၀၀ | ၃၀၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၉၀၀၀ | ၂၀၀၀၀ | ၁၂၀၀၀ |
| ၁၁ | ပုသိမ် | ၂၈၀၀ | | ၁၄၀၀၀ | ၅၀၅၀ | ၁၅၀၀၀ | ၂၄၀၀ | ၈၀၀၀ | ၇၅၀၀ | ၅၀၀၀ | ၇၀၀၀ | ၃၀၀ | ၆၅၀၀ | ၆၁၀၀ | ၄၅၀၀ | ၃၀၀၀ | ၃၇၀၀ | ၉၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၁၀၀၀၀ |
| ၁၂ | စစ်တွေ | ၃၄၀၀ | ၃၂၀၀ | ၁၅၀၀၀ | ၈၃၀၀ | ၁၈၀၀၀ | ၃၀၀၀ | ၇၀၀၀ | ၈၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၅၀၀ | ၈၀၀၀ | ၆၅၀၀ | ၂၅၀၀ | ၄၀၀၀ | ၃၅၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၂၆၀၀၀ | ၂၆၀၀၀ | |
| ၁၃ | ဟားခါး | ၄၃၅၀ | | ၁၈၅၀၀ | | ၃၀၀၀၀ | ၃၀၀၀ | ၇၀၀၀ | | | ၄၀၀၀ | ၁၀၀၀ | | ၆၀၀၀ | | ၄၀၀၀ | ၅၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | | ၁၂၀၀၀ |
| ၁၄ | မုံရွာ | ၄၁၅၀ | | ၁၃၅၀၀ | ၇၂၀၀ | ၁၉၀၀၀ | ၂၁၀၀ | ၆၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၈၀၀ | ၆၆၀၀ | ၇၀၀၀ | ၄၀၀၀ | ၂၃၀၀ | ၃၆၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၇၀၀၀ | ၂၆၀၀၀ | ၈၀၀၀ |
| ၁၅ | မန္တလေး | ၃၅၀၀ | ၂၇၀၀ | ၁၃၅၀၀ | ၆၉၀၀ | ၂၂၀၀၀ | ၂၂၀၀ | ၇၂၀၀ | ၈၀၀၀ | ၄၅၀၀ | ၇၅၀၀ | ၈၀၀ | ၈၇၀၀ | ၆၈၀၀ | ၆၀၀၀ | ၂၈၀၀ | ၃၆၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ |
| ၁၆ | ပခုက္ကူ | ၃၇၀၀ | | ၁၃၀၀၀ | ၆၇၀၀ | ၂၀၀၀၀ | ၂၃၀၀ | ၈၅၀၀ | ၈၀၀၀ | ၆၀၀၀ | ၇၅၀၀ | ၆၅၀ | ၇၅၀၀ | ၇၅၀၀ | ၃၅၀၀ | ၃၂၀၀ | ၃၄၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၁၇၀၀၀ | ၂၂၀၀၀ | ၇၅၀၀ |
| ၁၇ | မကွေး | ၃၈၀၀ | | ၁၂၅၀၀ | ၈၀၀၀ | ၁၈၀၀၀ | ၂၈၀၀ | ၇၅၀၀ | ၇၀၀၀ | ၆၀၀၀ | ၆၅၀၀ | ၁၀၀၀ | ၇၅၀၀ | ၈၀၀၀ | ၅၅၀၀ | ၃၂၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၇၀၀၀ |
| ၁၈ | ပြည် | ၂၆၅၀ | | ၁၃၅၀၀ | ၇၀၀၀ | ၂၅၀၀၀ | ၂၅၀၀ | ၇၅၀၀ | ၈၅၀၀ | ၄၅၀၀ | ၇၀၀၀ | ၆၀၀ | ၆၀၀၀ | ၆၅၀၀ | ၄၀၀၀ | ၃၂၀၀ | ၃၅၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၉၀၀၀ |
| ၁၉ | ပဲခူး | ၂၆၀၀ | | ၁၄၅၀၀ | ၆၇၀၀ | ၁၆၀၀၀ | ၂၃၀၀ | ၇၅၀၀ | ၇၂၀၀ | | ၉၀၀၀ | ၄၅၀ | ၈၀၀၀ | ၆၂၀၀ | ၂၈၀၀ | ၂၇၀၀ | ၃၆၀၀ | ၉၀၀၀ | ၁၄၀၀၀ | ၁၃၀၀၀ | ၂၂၀၀၀ | ၆၀၀၀ |
| ၂၀ | ပျဉ်းမနား | ၃၀၀၀ | | ၁၄၀၀၀ | ၆၆၀၀ | ၁၈၅၀၀ | ၂၀၀၀ | ၆၁၀၀ | ၇၂၀၀ | ၄၂၀၀ | ၅၇၀၀ | ၅၀၀ | ၇၀၀၀ | ၅၈၀၀ | ၄၀၀၀ | ၂၆၀၀ | ၃၂၀၀ | ၁၀၀၀၀ | ၁၈၀၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၈၅၀၀ |
| ၂၁ | နေပြည်တော် | ၃၀၀၀ | | ၁၄၅၀၀ | ၆၆၀၀ | ၂၀၀၀၀ | ၂၂၀၀ | ၆၁၀၀ | ၇၅၀၀ | ၄၅၀၀ | ၆၃၀၀ | ၅၀၀ | ၇၂၀၀ | ၅၈၀၀ | ၄၂၀၀ | ၂၈၀၀ | ၃၂၀၀ | ၁၀၀၀၀ | ၁၈၅၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | ၈၅၀၀ |
| ၂၂ | ကလေး | ၃၂၀၀ | ၃၁၀၀ | ၁၄၀၀၀ | ၈၀၀၀ | ၂၂၀၀၀ | ၂၀၀၀ | ၄၅၀၀ | ၆၀၀၀ | ၄၀၀၀ | ၆၀၀၀ | ၇၀၀ | ၈၀၀၀ | ၆၃၀၀ | ၄၀၀၀ | ၃၅၀၀ | ၃၂၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၈၀၀၀ | ၈၀၀၀ |

မှတ်ချက်။ (၁) ဧည့်မထဆန် တစ်ပြည်လျှင် ကျိုင်းတုံတွင် ၅၀ကျပ်၊ စားအုန်းဆီ တစ်ပိဿာလျှင် ရန်ကုန်နှင့် မုံရွာတွင် ၃၀၀ကျပ်၊ ပြည်တွင် ၅၀၀ကျပ်၊ ပျဉ်းမနားနှင့် နေပြည်တော်တွင် ၁၀၀ကျပ်၊ ကြက်သွန်ဖြူ(ရှမ်းစ) တစ်ပိဿာလျှင် တောင်ကြီးတွင် ၂၀၀ကျပ်၊ မော်လမြိုင်နှင့် မကွေးတွင် ၁၀၀၀ကျပ်၊ ထားဝယ်တွင် ၄၀၀ကျပ်၊ ပြည်တွင် ၅၀၀ကျပ်၊ (ကြူကုတ်စ) တစ်ပိဿာလျှင် ထားဝယ်နှင့် ပြည်တွင် ၅၀၀ကျပ်၊ မကွေးတွင် ၁၀၀၀ကျပ်၊ ချင်း တစ်ပိဿာလျှင် ထားဝယ်တွင် ၅၀၀ကျပ်၊ မကွေးတွင် ၁၀၀၀ကျပ်၊ မြေပဲဆန် တစ်ပိဿာလျှင် ထားဝယ်တွင် ၄၀၀ကျပ်၊ မကွေးတွင် ၅၀၀ကျပ်၊ ကုလားပဲဝါ တစ်ပိဿာလျှင် တောင်ကြီးတွင် ၂၀၀ကျပ်၊ မကွေးတွင် ၅၀၀ကျပ်၊ မန်ကျည်းသီး တစ်ပိဿာလျှင် တောင်ကြီးတွင် ၃၀၀ကျပ်၊ အာလူး တစ်ပိဿာလျှင် တောင်ကြီးတွင် ၂၀၀ကျပ်၊ သကြား တစ်ပိဿာလျှင် ထားဝယ်တွင် ၁၀၀ကျပ်၊ ဝက်သား တစ်ပိဿာလျှင် ထားဝယ်တွင် ၁၀၀၀ကျပ် ဈေးတက်ခဲ့ပါသည်။

(၂) ဧည့်မထဆန် တစ်ပြည်လျှင် ပဲခူးတွင် ၅၀ကျပ်၊ စားအုန်းဆီ တစ်ပိဿာလျှင် ထားဝယ်တွင် ၂၀၀ကျပ်၊ ပဲခူးတွင် ၃၀၀ကျပ်၊ ကလေးတွင် ၅၀၀ကျပ်၊ ကြက်သွန်နီ တစ်ပိဿာလျှင် ကျိုင်းတုံတွင် ၃၀၀ကျပ်၊ ကြက်သွန်ဖြူ(ကြူကုတ်) တစ်ပိဿာလျှင် ကျိုင်းတုံတွင် ၃၀၀ကျပ်၊ မြိတ်တွင် ၂၀၀ကျပ်၊ ချင်း တစ်ပိဿာလျှင် မြိတ်တွင် ၅၀၀ကျပ်၊ ပြည်တွင် ၁၀၀၀ကျပ်၊ အာလူး တစ်ပိဿာလျှင် ပြည်တွင် ၂၀၀ကျပ်၊ သကြား တစ်ပိဿာလျှင် ပျဉ်းမနားနှင့် နေပြည်တော်တွင် ၂၀၀ကျပ်၊ ကြက်သား တစ်ပိဿာလျှင် ပျဉ်းမနားနှင့် နေပြည်တော်တွင် ၂၀၀၀ကျပ်၊ ငါးမြစ်ချင်း တစ်ပိဿာလျှင် ပျဉ်းမနားနှင့် နေပြည်တော်တွင် ၁၅၀၀ကျပ် ဈေးကျခဲ့ပါသည်။

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆၉)၊ သပြေကန်(၆)လမ်း၊ မြေကွက်အမှတ်-၂၀၃၊ အကျယ် (၄၀ပေ x ၆၀ပေ)၊ ဦးလှအောင် (CA-၀၆၄၀၃၈)၊ ပါမစ်အမည်ပေါက် မြေကွက်အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော အကျယ် (၂၀ပေ x ၆၀ပေ) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဆောက်လုပ်ထားသော နေအိမ်အပါအဝင်အကျိုးခံစားခွင့် အရပ်ရပ် အားလုံးတို့ကို အရပ်ကတိအရောင်းအဝယ်စာချုပ်အဆက်ဆက်များဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရောက်ရရှိထားသူ ဒေါ်စန်းစန်းဌေး [၁၄/ ဓနဖ(နိုင်)၀၀၇၀၆၆]မှ တရားဝင်လက်ဝယ် ပိုင်ဆိုင်ပြီးလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း အရှုပ်အရှင်းကင်းကြောင်း ဝန်ခံကတိပြုသဖြင့် ၎င်းထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရန်ငွေတချို့ ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသည့် အထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ (၇)ရက်ပြည့်မြောက်သည့်တိုင် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ခိုင်ဇင်ဝင်း (LLB, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၁၃၀၈၈)**
**အမှတ် (၁၂၀၈)၊ မဏိစန္ဒာလမ်း၊ (၆၉)ရပ်ကွက်၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်၊ ဖုန်း- ၀၉-၄၂၁၁၁၄၈၈၃၊ ၀၉-၉၆၃၁၂၂၅၆၅**

**ဦးတင့်ကျော်(LLB)**
**အထက်တန်းရှေ့နေ (စဥ်-၃၀၉၁၃)**
**ဖုန်း-၀၉-၂၅၄၈၇၀၁၉၄**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောရန်ပိုင်(အနောက်)ရပ်ကွက်၊ နွယ်နီလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၂၃-က)၊ မြေကွက်အမှတ်(၇၃)ပေါ်တွင် ဆောက်လုပ်ထားသည့် တိုက်အမှတ်(၃၃)ဟု ခေါ်တွင်သော (၇)ထပ်တိုက်၏ဒုတိယထပ်(တတိယလွှာ)(ခေါင်းရင်းခြမ်း)၊ အကျယ်အဝန်း(၁၂.၅ ပေ x ၅၀ ပေ) ရှိ တိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်လက်ရှိထားပိုင်ဆိုင်သည်ဟု အဆိုရှိသူ ဒေါ်အေးအေးခိုင်[၁၂/လမတ(နိုင်)၀၀၂၅၆၄]က ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသည့်အတွက် ကျွန်ုပ်မိတ်ဆွေက ယင်းတိုက်ခန်းအား အပျောက်စနစ်ဖြင့် အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေ ပေးချေထားပါသည်။ အရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ခိုင်လုံသည့် စာချုပ်စာတမ်း(မူရင်း) အထောက်အထားအပြည့်အစုံဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးကျော်ဝင်းအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၁၂၆၉၃/၂၀၁၇)**
**အမှတ် - ၈၃/၁၀(ဒုတိယထပ်)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၀၂၆၉၈၇၂၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာရပ်ကွက် (၃)၊ သာသနာ့မဏ္ဍိုင်လမ်း၊ အမှတ်(၁၆)ဟု ခေါ်တွင်သော လန(၃၉) ကျပြီး မြေအလျား ၄၀ပေ x အနံ ၆၀ပေ အကျယ်ရှိ ဦးတင်လှိုင် အမည်ပေါက် မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို လက်ရှိပိုင်ဆိုင်ထားသူ ဒေါ်တင်နွယ်မော် [၁၂/အစန(နိုင်)၀၉၀၇၂၀]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သော ဦးအောင်ကိုကို [၁၂/ပဇတ(နိုင်)၀၃၁၁၃၇]မှ အပြီးအပိုင် ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ရာ အဆိုပါ အိမ်ခြံမြေ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက မည်သူမဆို ပိုင်ဆိုင်မှု အထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်တို့ထံသို့ ဤကြော်ငြာစာပါပြီး (၇)ရက်အတွင်း ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ -**

**ဒေါ်သန္တာဆွေ (LL.M) (စဥ်- ၁၄၀၇/၁၅)**
**ဒေါ်နော်ဆည်းဇာ (LL.B) (စဥ်- ၁၂၆၃၇/၁၇)**
**ဦးကျော်ဇေယျ (LL.B) (စဥ်- ၁၃၁၈၁/၁၇)**
**ဒေါ်မြင့်မြင့်သန်း (LL.M) (စဥ်-၁၃၂၄၀/၁၇)**
**ဒေါ်ဝေမာနွယ် (LL.B) (စဥ်-၁၄၇၁၁/၁၈)**

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၉)၊ သိပ္ပံလမ်း၊ အုတ်ဖိုစုရပ်ကွက်၊ သန်လျင်မြို့။ ဖုန်း-၀၉-၄၂၂၂၈၁၁၁၈**

## လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ခင်ခင်လေး(ခ)ဟာလီမဟ်ဘီ[၁၂/တမန(နိုင်)၀၉၉၈၁၁]အမှတ်(၁၄)၊ ၃-လွှာ၊ ၁၅၆-လမ်း၊ တာမွေကြီး(က/ဂ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့နေသူ၏ ညွှန်ကြားချက်အရ ကြေညာပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ခင်ခင်လေး(ခ)ဟာလီမဟ်ဘီနှင့် ကိုကျော်သန်း(ခ)ရှဖီး(ဘ)ဦးဟနီဖာ [၁၂/သဃက(နိုင်)၁၈၂၁၇၆]တို့သည် (၂၃-၉-၂၀၀၁)ရက်တွင် အစ္စလာမ်တရားတော်နှင့်အညီ လက်ထပ်ထားပြီး ခင်ပွန်းဖြစ်သူ၏ ပြုလုပ်မှု၊ ပျက်ကွက်မှု၊ ခင်ပွန်း၏ ဝတ္တရားမကျေပွန်မှုတို့ကြောင့် သက်ဆိုင်ရာမြန်မာနိုင်ငံလုံးဆိုင်ရာ မော်လဝီအဖွဲ့ချုပ်(ဗဟို)ထံသို့ ခမ္မသတ်ဖြေကြားချက်ကို အစ္စလာမ်တရားတော်နှင့်အညီ တောင်းခံခဲ့ရာမှ (၃-၆-၂၀၂၃)ရက်တွင် သွလာကေဗာအင်န် တစ်ဖက်သတ်ကွာရှင်းခြင်း အထမြောက်ကြောင်း ဖြေဆိုပြန်ကြားချက်အရ ကျွန်ုပ်တို့၏မိတ်ဆွေနှင့် ကိုကျော်သန်း(ခ)ရှဖီး တို့မှာ လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်းနှင့် နောက်နောင် ဒေါ်ခင်ခင်လေး(ခ)ဟာလီမဟ်ဘီနှင့် ပတ်သက်၍ မည်သည့်နည်းနှင့်မျှ နှောင့်ယှက်ခြင်း၊ ဂုဏ်သိက္ခာကျအောင် ပြောဆိုသတင်းလွှင့်ခြင်းများကို မပြုလုပ်ပါရန် တားမြစ်သတိပေးပါသည်။ လိုက်နာခြင်းမရှိပါက ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဟု အများသိစေရန် ကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးညီလင်းဖေ အထက်တန်းရှေ့နေ (စဥ်-၃၅၃၂၆)**
**အမှတ်(၂၀၃)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁၈-၃၇၇၄၀၆**

## "ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း"

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၄)၊ ဗိုလ်စိန်မှန်လမ်း၊ မြေကွက်အမှတ်(၇၉၃)ဟု ခေါ်တွင်သော ဦးတင်မောင်ရွှေ အမည်ပေါက်သည့် နှစ်(၆၀) မြေငှားဂရန်မြေအမျိုးအစား မြေအကျယ်ပေ(၄၀ x ၆၀)ပေ အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်ကိုမျက်နှာမူလျှင်-ဘယ်ဘက်ရှိ (ခြေရင်းဘက်ခြမ်း) မြေအကျယ်ပေ(၂၀x ၆၀)ရှိ မြေကွက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးမျိုးအောင်[၁၂/သကတ(နိုင်) ၀၉၂၆၉၈] မှ ဆက်စပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပါကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်း တာဝန်ယူရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်နိုင်ထွန်း [၇/သဝတ(နိုင်)၀၇၀၅၆၆]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသတို့ကို ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ဆက်သွယ်၍ ကန့်ကွက်နိုင်ပါသည်။ အကယ်၍ (၇)ရက်ကျော်လွန်သည့်တိုင် ကန့်ကွက်မည့်သူများမရှိပါက ဤအရောင်းအဝယ်ကိစ္စကိုပြီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ညွှန်ကြားသူ -**
**ဦးအောင်နိုင်ထွန်း**

**ညွှန်ကြားချက်အရ -**
**ဒေါ်ခင်သူဇာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဥ်- ၁၆၄၆၀)**

**အမှတ် (၈၁၈)၊ အောင်သပြေလမ်း၊ (၁၉)ရပ်ကွက်၊ ဒဂုံမြို့ သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၂၅၆၃၂၂၀၉၁**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုရပ်ကွက်၊ ကျောင်းကြီးလမ်း၊ အမှတ်(၁၀)ရပ်ကွက်ဟုခေါ်တွင်သော(၂)ခန်းတွဲ(၈)ထပ်တိုက်၏(၇)လွှာ(အေ)၊ အကျယ်အဝန်း(၁၂ ၁/၂ပေ x ၅၅ပေ)ရှိ တိုက်ခန်းကို ဦးဝဏ္ဏထွန်း (မှတ်ပုံတင်အမှတ်-[၁၂/တတန(နိုင်)၀၀၁၂၆၅])ကိုင်ဆောင်သူမှတရားဝင် လက်ရှိထား လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းနှင့် ပိုင်ဆိုင်မှု အရှုပ်အရှင်း ကင်းရှင်းကြောင်း ကတိပြု၍ ပြောဆိုလာသဖြင့် ကျွန်ုပ်မိတ်ဆွေမှ ၎င်းတိုက်ခန်းအားဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေထားပြီး ဖြစ်ပါသည်။ ယင်းတိုက်ခန်းအား အပြီးအပိုင် လွှဲပြောင်းဝယ်ယူမည်ဖြစ်ရာ ယင်းတိုက်ခန်းပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ဆိုင်ရေးပိုင်ခွင့်ရှိသည့် မည်သူမဆို စာချုပ်စာတမ်းအထောက်အထားမူရင်းများ တစ်ပါတည်းယူဆောင်လျက် ဤကြော်ငြာပါသည့်ရက်မှ(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တိုက်ခန်း အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသန့်ဇင်လှိုင်**
**(LL.B,B.A(Business Law),CBL)**
**အထက်တန်းရှေ့နေ(စဥ်-၅၀၈၃၈/၂၆-၃-၂၀၀၉)**
**ဖုန်း-၀၉-၄၂၀၂၄၂၆၇၃၊ ၀၉-၉၆၈၁၂၀၆၈၃**
**အမှတ်(၄၁)၊ အခန်း(၁၃)၊ ဗဟိုရိစည်အိမ်ရာ၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**

## ဖခင်အမည်မှန်

သထုံမြို့နယ်၊ အ.ထ.က(၂) ကျောင်း၊ Grade-11 မှ မဒီဇင်ဘာမိုး၏ ဖခင်အမည်မှန်မှာ ဦးထွန်းစော[၁၀/ကထန(နိုင်) ၁၁၅၉၁၀]ဖြစ်ပါကြောင်း။

**ဦးထွန်းစော**
**[၁၀/ကထန(နိုင်)၁၁၅၉၁၀]**

## အမည်ပြောင်း

အဖ ဦးဇော်မြင့်၏သား ဖြစ်သော မင်္ဂလာတောင်ညွန့် မြို့နယ်၊ အထက(၄) Grade (8)မှ မောင်မူဟာမက်ဆောအိဒ် အား မောင်ဇော်မင်းထွန်း ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ဇော်မင်းထွန်း**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်မြို့၊ ယခင်အခေါ်-အရှေ့တောင်ဒဂုံမြို့နယ်၊ ယခုအခေါ်-ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇၇၊ မြေကွက်အမှတ် (၄၈)၊ အကျယ်အဝန်း ( ၄၀ x ၆၀)ပေ ရှိသော ဒေါ်ခင်စော အမည်ပေါက် ပါမစ်မြေကွက် နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရှိတရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ခင်ထွေး [၁၀/ကမရ (နိုင်) ၀၁၆၈၅၇] ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ရှန်သင်ဒီမ်း [၄/ထတလ (နိုင်) ၀၂၃၃၀၁]ကအပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်ရွှေဦး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဥ်-၁၀၈၉၉)**
**အမှတ် (၉/၁၁)၊ အခန်း (၂၀၂/E) ၊ ဒုတိယထပ်၊ ၃၆-လမ်းတို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၀၂၃၂၅၊ ၀၉-၇၉၈၀၆၅၁၁၂**

## " သွလာက် (၃) ကြိမ်ပေးလျက် အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးစီးကြောင်း နှင့် နောက်နောင် မည်သို့မျှ ပတ်သက်မှုမရှိတော့ကြောင်း အများသိစေရန်ကြေညာခြင်း "

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသန်းစိုးဦး (ခ) မုဟမ္မဒ်စလ်မာန်၊ မှတ်ပုံတင်အမှတ် (RJP – 911639) ကိုင်ဆောင်သူအမှတ် (၃၈၈)၊ ဗဟိုရ်လမ်း၊ ရွှေမြင်းဝန်ရပ်ကွက်၊ ကော့သောင်းမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူနှင့် ဒေါ်စိုးစန္ဒီထွေး (ခ) ဆိုမိုင်ယာဘီ မှတ်ပုံတင်အမှတ် [၆/မမန (နိုင်) ၁၅၆၉၂၅] ကိုင်ဆောင်သူအမှတ် (၅၂)၊ စကားဝါလမ်း၊ ကန်ခေါင်းရပ်ကွက်၊ မြိတ်မြို့၊ တနင်္သာရီတိုင်းဒေသကြီးတို့သည် (၂၀-၁-၂၀၂၂) ရက်နေ့တွင် နေကာပြု ထိမ်းမြားခဲ့ကြပါသည်။ ထို့နောက် စိတ်သဘောထားချင်းတိုက်ဆိုင်မှုမရှိတော့၍ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူမှ ဒေါ်စိုးစန္ဒီထွေး (ခ) ဆိုမိုင်ယာဘီအား (၆-၁၁-၂၀၂၂) ရက်နေ့တွင် ဖုန်းဖြင့် သွလာက် (၃)ကြိမ်ပေးခဲ့ပြီးဖြစ်၍ (၁၁-၁၁-၂၀၂၂) ရက်နေ့တွင် "မြန်မာနိုင်ငံလုံးဆိုင်ရာ မော်လဝီအဖွဲ့ချုပ်" ဗဟိုမှ တစ်ဆင့် "အစ္စလာမ့်တရားတော်နှင့်အညီ ဇနီးအဖြစ်မှ သွလာက် (၃)ကြိမ်ပေး၍ ကွာရှင်းပြတ်စဲကြောင်း မြွက်ဟကြေညာခြင်း ကတိစာချုပ်"တွင် အတည်ပြု လက်မှတ်ရေးထိုး၍ ပေးပို့ခဲ့ပြီးဖြစ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူနှင့် ဒေါ်စိုးစန္ဒီထွေး (ခ) ဆိုမိုင်ယာဘီတို့သည် တစ်ဦးနှင့်တစ်ဦး မည်သို့မျှ ပတ်သက်ဆက်သွယ်မှု အလျဥ်းမရှိတော့ပါ။ သို့ဖြစ်ပါ၍ နောက်နောင်တွင် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသန်းစိုးဦး (ခ) မုဟမ္မဒ်စလ်မာန်၏ စီးပွားရေး၊ လူမှုရေး၊ ဆက်သွယ်ရေး ကွန်ရက်၊ ကိုယ်ရေးကိုယ်တာကိစ္စအဝဝတို့တွင် ဝင်ရောက်စွက်ဖက် နှောင့်ယှက်ခြင်းများ မပြုလုပ်ရန်နှင့် စိတ်ပိုင်းဆိုင်ရာ (သို့မဟုတ်) ဂုဏ်သိက္ခာကျဆင်းစေရန် တစ်နည်းနည်းဖြင့် ပြုမူဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဒါလီတင်ထွန်း (L.L.B , D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဥ် -၁၂၈၂၈/၂၉-၇-၂၀၁၇)**
**အမှတ် - ၂၁၊ ၆၄-လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၂၁၉၈၇၇၆**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၀)၊ မြေကွက်အမှတ်(၉၃၈)၊ အကျယ်အဝန်း(၀.၀၅၅)ဧက အကျယ်နှင့် မြေကွက်အမှတ်(၉၃၉) အကျယ်အဝန်း(၀.၀၅၅)ဧက အကျယ်ရှိ ဦးစိုင်းအိုက်ဝေ အမည်ဖြင့် တည်ရှိနေသော နှစ်(၆၀)ဂရန်မြေကွက်(၂)ကွက်နှင့် ယင်းမြေကွက်များပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူ ဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးလှမျိုးနိုင်[၈/မကန(နိုင်)၁၂၈၇၉၃] ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူရန် စရန်ငွေပေးချေထားပြီး ဖြစ်ပါသဖြင့် အဆိုပါ အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ အကျိုးသက်ဆိုင်ခွင့်ရှိသူမည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း၊ ပိုင်ဆိုင်မှု အထောက်အထား၊ စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့် အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နီလာ**
**L.L.B, D.B.L, D.I.L, D.I.R, C.B.D,S (MOFA)**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၁၄၃၈၁)**
**အမှတ်(၁၀၁၉/ခ)၊ ဒုတိယထပ်၊ သုမင်္ဂလာလမ်းမကြီး (၂)ရပ်ကွက်၊ မြောက်ဥက္ကလာပ။ Ph: 09-785555030, 09-440440710**

## ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ လေးထောင့်ကန်လမ်း၊ စံပယ်ဖြူကွန်ဒို၊ ရေယာ(၁၂)ထပ်တိုက်ရှိ၊ (၇-လွှာ)၊ အခန်းအမှတ် (ဒီ/၇၀၉)၊အကျယ်အဝန်း(၁၆၉၆)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်း အရောင်းအဝယ်ကိစ္စအားကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

အထက်ဖော်ပြပါတိုက်ခန်းကို တရားဝင်ကန်ထရိုက်တာထံမှ တရားဝင်ဝယ်ယူ လက်ရှိထားပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်းနှင့် အရှုပ်အရှင်းကင်းရှင်းကြောင်းဝန်ခံကတိပြုသူ **ဒေါ်နှင်းစန္ဒာမြင့်(၁၂/သဃက(နိုင်)၀၈၅၂၆၈)**ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူကဝယ်ယူရန်ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရံငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသဖြင့်ကန့်ကွက်လိုပါကခိုင်လုံသောစာရွက်စာတမ်း မူရင်းများနှင့်တကွယနေ့မှစ၍(၁၄)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ၎င်းနေ့ရက်ကျော်လွန်ပါကအရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ- ဦးဇော်မျိုးထက် (LL,B)
တရားလွှတ်တော်ရှေ့နေ(စဥ်-၁၄၉၂၇)
အမှတ် (၁၀၁)၊ ပထမထပ်၊ (၃၉)လမ်း၊ ကျောက်တံတားမြို့နယ်။ ၀၉-၄၃၂၀၇၃၃၉၊၀၉-၄၂၀၀၈၇၁၇၇

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ပန်ချီကျေးရွာနေ ဦးဝင်းဌေး[၅/စကန(နိုင်)၁၀၇၉၂၂] -ဒေါ်မန်းသူအေး[၅/စကန(နိုင်)၁၆၁၇၃၉]တို့၏သား မောင်ဟိန်းထက်ကိုသည် မိဘတို့၏ဆိုဆုံးမမှုကို နာခံခြင်းမရှိပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ **(မေးမြန်းခြင်းသည်းခံပါ။)**

**ဦးဝင်းဌေး - ဒေါ်မန်းသူအေး**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ပုဗ္ဗသီရိမြို့၊ ဥတ္တရဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁-က/ဥတ္တရသီရိတောင်ရပ်၊ မြေဧရိယာ(၀.၂၂၉)ဧက၊မြေကွက်အမှတ်(ဥ-၅၈၄၈)၊ ဒေါ်သဉ္ဇာအောင် [၁၂/ကတတ(နိုင်)၀၂၅၂၅၀](ဘ)ဦးငြိမ်းအောင်၊ အမည်ပေါက်နှစ်(၃၀)မြေငှား စာချုပ်မြေကွက်ကို ဦးမောင်မျိုး [၉/မမန(နိုင်)၀၁၂၉၈၉]၊ (ဘ) ဦးဆယ်မောင်မှ နေပြည်တော်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူး/ကိုယ်စားလှယ်လွှဲစာ အမှတ် ၁၇၉၃/၂၀၂၃(၂၂.၆.၂၀၂၃)တင်ပြ၍ ဒေါ်ခိုင်ဇာဝင်း၊ [၉/မရတ(နိုင်)၁၀၈၃၇၄]၊ (ဘ) ဦးဖေဝင်း အမည်ဖြင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီဂရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်းကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဥတ္တရသီရိမြို့၊ ဥတ္တရသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၂/ဥတ္တရသီရိ အလယ်ရပ်၊ မြေဧရိယာ(၀.၃၅၈)ဧက၊ မြေကွက်အမှတ်(ဥ-၄၁၂၃)၊ ဒေါက်တာကျော်မြင့်လေး[၁၄/မအန(နိုင်)၀၀၃၆၁၈]+ဒေါ်မြနန္ဒာ[၁၂/လမန(နိုင်)၀၀၁၃၅၁]၊ (ဘ) ဦးတိုးရင်၊ ဒေါက်တာမြဦး၊ အမည်ပေါက်နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဦးသီဟကျော်[၉/ကပတ(နိုင်)၂၇၂၃၂၉]၊ (ဘ) ဦးဝင်းမြင့်မှ နေပြည်တော်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူး/အထွေထွေကိုယ်စာ လှယ်လွှဲစာအမှတ် ၁၇၄၇/၂၀၂၃(၁၉.၆.၂၀၂၃)တင်ပြ၍ ဦးမောင်မောင်တင့်၊ [၁၂/ဒဂန(နိုင်)၀၁၀၃၃၅]၊ (ဘ) ဦးကိုကိုကြီးအမည်ဖြင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီဂရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

